ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 11 March 2025 ၁၁၇၅၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြား



နေပြည်တော် မတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း မတ် ၃ ရက်မှ ၉ ရက်အထိ သွားရောက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မတ် ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗာစီဗစ်မြို့ သာမာရဲဗာ လေဆိပ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ပြန်လည်ထွက်ခွာလာစဉ် အထူးလေယာဉ်ပေါ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မီဒီယာများ၏ သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ အပြည့်အစုံမှာ ---

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အထူးလေယာဉ်ပေါ်၌ မီဒီယာများ၏သီးသန့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။

ယနေ့ ဖတ်စရာ

တစ်သားတည်းပင် ကြားမထင်ဘဲ
ဆောင်းပါး
စာမျက်နှာ » ၆၊ ၇



PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်း
စာမျက်နှာ » ၉

သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းဖွင့်ပွဲ အခမ်းအနားနှင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၂

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၃

ကြေးမုံ

# သမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်များမှ နိုင်ငံ့အကျိုးစီးပွားဆောင်ကြဉ်းပေးနိုင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့စဉ်ကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိတိကျကျခိုင်ခိုင်မာမာ ပိုမိုတိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

မတ်လ ၄ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင် လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့ တက်ရောက်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့သည်။

အလားတူပင် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်သည့်အခါတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မတ်လ ၇ ရက်နေ့တွင် ဘယ်လာရုစ်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးခြင်းအပါအဝင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်များသို့ တက်ရောက်အမှာစကားပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်အဆင့် အဆင့်မြင့်တရားဝင်ချစ်ကြည်ရေးခရီးသည် နှစ်နိုင်ငံနယ်ပယ်စုံကဏ္ဍစုံအတွက် ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခဲ့သည်။ အထူးသဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် နှစ်နိုင်ငံကူးသန်းသွားလာဆက်သွယ်မှုတိုးချဲ့ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ ဥပဒေ၊ ကာကွယ်ရေး စသည့်ကဏ္ဍများစွာကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုများကို ရှင်းလင်းပြောကြားနိုင်ခဲ့သဖြင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများက နားလည်လက်ခံခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲပြုလုပ်မည့်အခြေအနေများကို ရှင်းလင်းပြောကြားနိုင်ခဲ့ပြီး ရွေးကောက်ပွဲကာလတွင် မြန်မာနိုင်ငံသို့ လာရောက်ကြပြီး စောင့်ကြည့်လေ့လာကြမည်ဟု သိရသည်။ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကို နိုင်ငံတကာတွင် ခိုင်မာစွာအသိပေးနိုင်ခဲ့ပြီး နည်းပညာမြင့်မားသည့် နိုင်ငံနှစ်နိုင်ငံနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်သဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် မြန်မာနိုင်ငံစီးပွားရေးအတွက် အခွင့်အလမ်းကောင်းများ အနာဂတ်တွင် ပေါ်ထွက်လာမည်ဖြစ်သည်။ နိုင်ငံတော်အဆင့် တစ်ပတ်ကြာ ချစ်ကြည်ရေးခရီးစဉ်နှင့်ပတ်သက်၍ ပြည်တွင်း/ပြည်ပ မီဒီယာများမှ တစ်ဆင့် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ နေ့စဉ်တင်ပြနိုင်ခဲ့ရာ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များကို ခန့်မှန်းသုံးသပ်ကြည့်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တို့သို့ သွားရောက်ခဲ့ရာတွင် မြန်မာနိုင်ငံနှင့် ရာသီဥတုအနေအထား လွန်စွာကွာဟသည့် အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်(အေးခဲနေ)ရှိ၍ အသွားအပြန် မိုင်ပေါင်းတစ်သောင်းကျော်ခန့်အထိ သွားရောက်ခဲ့ကြပြီး နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသည်။ ခရီးစဉ်အတွင်း နေ့မအားညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာသင်ကြားရေး၊ ခရီးသွားကဏ္ဍတိုးတက်ရေး စသည်တို့တွင် အစိုးရ၊ လုပ်ငန်းရှင်၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးစီးပွားများ ဖြစ်ထွန်းစေမည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်စေရန်အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ သမိုင်းဝင်ခရီးစဉ်ကို ကြိုဆိုဂုဏ်ပြုကြရမည်ဖြစ်ပြီး ရရှိလာမည့်အကျိုးရလဒ်ကောင်းများနှင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးထမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“ ယဉ်ကျေးမှုအမွေစောင့်ထိန်းသူများကို အငြိုးထား ဘာသာတရားမဲ့တဲ့ ပြည်ဖျက်အကြမ်းဖက် PDF ”** ခေါင်းစဉ်ဖြင့် မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၁၀ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၄၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၃ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၂၀၈ | ၁,၄၈၁,၈၀၀ |
| MTSH | ၂,၉၅၀ | ၃,၀၀၀ | ၁၀၃ | ၃၀၃,၉၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၁၅ | ၈၉၇,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၆၄ | ၁၁၅,၂၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| EFR | ၁,၅၅၀ | ၁,၆၀၀ | ၂၇ | ၄၁,၉၅၀ |
| AMATA | ၃,၉၅၀ | ၄,၀၀၀ | ၆၀ | ၂၃၇,၅၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၀၀ | ၁၀၀ | ၃၂၀,၀၀၀ |
| MADPL(PLB) | ၃,၀၀၀ | ၃,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ကျွန်တော်တို့နိုင်ငံက ပါတီစုံဒီမိုကရေစီစနစ်ကိုသွားမှာ နံပါတ်တစ်ချက်ပေါ့။ ကျွန်တော်တို့က လွတ်လပ်ရေးရပြီးတာ ၇၇ နှစ်တာကြာခဲ့ပြီ။ ကျွန်တော်တို့မှာ ပဋိပက္ခပေါင်းများစွာနဲ့ ကြုံတွေ့ခဲ့ရတယ်။ တကယ်တော့ ကျွန်တော်တို့မှာရှိတဲ့ လူသားအပါအဝင် သယံဇာတအရင်းအမြစ်တွေများစွာရှိတယ်။ ဒါတွေကို အသုံးချမယ်ဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းပြည်က မုချတိုးတက်တဲ့တိုင်းပြည်တစ်ခုဖြစ်ရမယ်။ ဒီအတွက် ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုအလားအလာကိုရှာတဲ့အခါမှာ ရုရှားနိုင်ငံဟာ ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှုအလားအလာရှိတဲ့ နိုင်ငံတစ်ခုအဖြစ် ကျွန်တော်တို့မြင်တာပေါ့။ ရုရှားနိုင်ငံတင်မကပါဘူး။ နိုင်ငံတွေများစွာရှိပါတယ်။ သို့သော်လည်းပဲ အလျင်မြန်ဆုံး ဆောင်ရွက်ပေးနိုင်မယ့်နိုင်ငံက ရုရှားနိုင်ငံဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံကို ကျွန်တော်သွားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က နိုင်ငံရေးအရ ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ နိုင်ငံရေးအရ ပြည်သူတွေတောင်းဆိုတဲ့ ပါတီစုံဒီမိုကရေစနစ်ကိုသွားဖို့အတွက် ကျွန်တော်တို့က ဆုံးဖြတ်ပြီးသားဖြစ်တယ်။ ဒါကို ကျွန်တော်တို့က အကောင်အထည်ဖော်နိုင်ဖို့အတွက် တစ်ဖက်ကပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ရမှာပေါ့။ တစ်ဖက်ကလည်း ပြည်တွင်းငြိမ်းချမ်းရေးကိုရအောင်လည်း ကျွန်တော်တို့ လုပ်ရမှာပေါ့။ ဒါကြောင့် ရုရှားသမ္မတကြီးကလည်း မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ရုရှားဘက်ကကူညီမယ်လို့ သူပဲပြောတယ်။ သို့ပေမယ့်လည်း ဘယ်လာရုစ်သမ္မတကြီး H.E .Mr. Alexander Gregoryevich Lukashenko ကလည်း ကျွန်တော်တို့မြန်မာနိုင်ငံအတွက် အစစအရာရာ ပူးပေါင်းဆောင်ရွက်ပေးမယ် ကူညီပေးမယ်လို့ ပြောတယ်။ ကျွန်တော်တို့အတွက် ခွန်အားတွေဖြစ်သလို တိုင်းပြည်အတွက်လည်း အားတစ်ခု ကျွန်တော်တို့ရမှာပါ။ ကျွန်တော်တို့နိုင်ငံက ပထဝီအနေအထားအရကြည့်မယ်ဆိုလို့ရှိရင် တကယ့်ဆုံချက်မှာရှိတယ်။ အရှေ့တောင်အာရှနိုင်ငံ၊ အာဆီယံနိုင်ငံမှာ အနောက်ဘက်အကျဆုံးနိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ရဲ့အနောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁ ဒသမ ၄ ဘီလီယံကျော်လောက်ရှိတဲ့ အိန္ဒိယနိုင်ငံရှိတယ်။ လူဦးရေသန်းပေါင်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အရှေ့မြောက်ဘက်မှာ လူဦးရေသန်းပေါင်း ၁၄၀၀ လောက်ရှိတဲ့ တရုတ်နိုင်ငံရှိတယ်။ ဒီသုံးမျိုးပေါင်းလိုက်လို့ရှိရင် ၄ ဘီလီယံနီးပါးလောက် လူဦးရေရှိတယ်။ အဲဒီတော့ သွားမယ့်နေရာဆုံချက်ကိုကြည့်မယ်ဆိုရင်တောင်ဘက်ကိုသွားရင် အိန္ဒိယသမုဒ္ဒရာရောက်သွားမယ်။ မြောက်ဘက်ကိုသွားမယ်ဆိုရင် တရုတ်နိုင်ငံကိုဖြတ်ပြီး ရုရှားနိုင်ငံကိုရောက်သွားမယ်။ အနောက်ဘက်ကိုသွားမယ်ဆိုရင် အိန္ဒိယနိုင်ငံကိုရောက်သွားမယ်။ အရှေ့တောင်ဘက်ကိုသွားမယ်ဆိုရင် အာဆီယံနိုင်ငံတွေ အကုန်ရောက်သွားမယ်။ မြန်မာနိုင်ငံကလောက် အခွင့်အရေးကောင်းတဲ့နိုင်ငံမရှိဘူး။ ကျွန်တော်တို့နိုင်ငံက အခြေပြုပြီးတော့ စီးပွားရေးလုပ်ငန်းလုပ်မှာပဲဖြစ်ဖြစ်၊ မြန်မာနိုင်ငံကို ဖြတ်ပြီးတော့သွားမှာပဲဖြစ်ဖြစ်၊ ခုနကပြောတဲ့ ကြီးမားတဲ့ဈေးကွက်ကြီးတစ်ခုလုံးကို ကူးလူးဆက်ဆံနိုင်ခွင့်ရမယ်ဆိုတာ သိနိုင်ပါတယ်။ ကျွန်တော်တို့ဗျာ တကယ်ကိုလက်တွဲလုပ်ဖို့ အသင့်တော်ဆုံးအချိန်ရောက်နေပါပြီ။ EAO တွေကိုလည်း ကျွန်တော်ပြောချင်တာကတော့ ကိုယ်ဖြစ်ချင်တာတွေ မပြောပါနဲ့။ ဖြစ်သင့်တာတွေ၊ ဖြစ်နိုင်တာတွေပဲ ပြောဖို့ကောင်းတယ်။ လူဆိုတာကတော့ ဖြစ်ချင်တာကတော့ လူတိုင်းဖြစ်ချင်တာပဲ။ ကျွန်တော်လည်း ဖြစ်ချင်တာတွေအများကြီးရှိတာပဲ။ ဒါပေမယ့် ကျွန်တော်ဖြစ်ချင်တာ ဖြစ်ချင်မှလည်းဖြစ်လိမ့်မယ်။ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့သွားတာကောင်းတယ်။ ကျွန်တော်တို့ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကို သွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော်ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော်ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေ အားလုံးကို ဦးစားပေးပြီး ကျွန်တော်ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော် တတ်နိုင်သမျှလုပ်ပေးပါတယ်။ မြန်မာနိုင်ငံအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကုန်ထုတ်လုပ်ငန်းတွေကို မလွှတ်ဘူး။ အနာဂတ်အတွက် သိပ္ပံနဲ့နည်းပညာကို ကျွန်တော်မလွှတ်ဘူး။ သူတို့က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမှာ အခြေခံတဲ့စက်မှုလုပ်ငန်းတွေက အများကြီးကောင်းတယ်။ သိပ္ပံနည်းပညာမှာလည်း အများကြီးကောင်းတယ်။ သူတို့က အနိမ့်တစ်ခုနဲ့ အမြင့်တစ်ခု အားလုံးကို အတူတူပေါင်းစပ်ပေးနိုင်တဲ့အနေအထားရှိတယ်။ အဲဒါက ကျွန်တော်တို့အတွက် လိုအပ်ချက်ပဲ။ ဒါကြောင့် ကျွန်တော်ပြောရပါတယ်။ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် ဒီဟာက ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးအမြတ်မုချရှိမယ်လို့ ကျွန်တော် ပြောနိုင်ပါတယ်။

> **“ဖြစ်သင့်တာ၊ ဖြစ်နိုင်တာကိုပဲ ကျွန်တော်တို့ သွားတာကောင်းတယ်။ ကျွန်တော်တို့ ပြောတယ်။ ကျွန်တော်တို့ တစ်အချက် ဒီမိုကရေစီအခွင့်အရေးပေးတယ်။ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အခွင့်အရေးပေးတယ်။ ကမ္ဘာမှာကြည့်လိုက် အကုန်လုံးက မျှတတဲ့အခွင့်အရေးပဲ ကိုယ်ရတယ်။ တစ်ဖက်သတ်အခွင့်အရေးကိုသွားပေးလို့မရဘူး။ တိုင်းရင်းသားဘက်က စဉ်းစားဖို့သင့်တယ်ဆိုတာ ကျွန်တော် ပြောလိုတယ်။ ကျွန်တော်တို့အနေနဲ့ တိုင်းရင်းသားတွေဘက်ကိုလည်း ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးမယ်။ ကျွန်တော် ဆုံးဖြတ်ထားတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ကျပြီးကျန်ခဲ့တဲ့ တိုင်းရင်းသားနယ်မြေတွေအားလုံးကို ဦးစားပေးပြီး ကျွန်တော် ဆောင်ရွက်ပေးမယ်။ အခုထိ ကျွန်တော် တတ်နိုင်သမျှ လုပ်ပေးပါတယ်။”**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင် ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်များ၏ စကားသံများ



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်



ဦးအေးဝင်း



ဦးအောင်အောင်ဇော်

**ဦးကိုကိုလွင်**
**ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာန**

ရုရှားနဲ့ဘယ်လာရုစ်နဲ့က ကျွန်တော်နှစ်နိုင်ငံလုံးနဲ့က ရင်းနှီးနေတာကြာပါပြီ။ ဒီနှစ်နိုင်ငံလုံးကိုလည်း ကျွန်တော် အကြိမ်တော်တော်များများ ရောက်ဖူးပါတယ်။ နံပါတ်တစ် ရုရှားပေါ့နော်။ ရုရှားအနေနဲ့ကတော့ ဒီခရီးစဉ်က State Visit ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း လုပ်ဆောင်ရမယ့် လုပ်ငန်းတွေကိုလည်း သေချာပြင်ဆင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း ရုရှားကို စွမ်းအင်ကိစ္စနဲ့ တစ်ခါလာခဲ့ပြီးပါပြီ။ စွမ်းအင်ဝန်ကြီးနဲ့လည်း ကျွန်တော်တွေ့ခဲ့ပါပြီ။ ဒီတစ်ခေါက်မှာလည်း နိုင်ငံတော်အကြီးအကဲနဲ့ နှစ်ဖက်အကြီးအကဲနှစ်ဦးတွေ့ဆုံခဲ့တဲ့အပေါ်မှာ စွမ်းအင်ကဏ္ဍနဲ့ ပတ်သက်တဲ့ သဘောတူညီချက်တွေအပေါ်မှာ ကျွန်တော်သီးခြားစွမ်းအင်ဝန်ကြီးဌာနက ပထမ၊ ဒုတိယဝန်ကြီးနဲ့သက်ဆိုင်ရာကုမ္ပဏီက အဖွဲ့အစည်းတွေနဲ့ ကျွန်တော် တွေ့ဆုံပြီးတော့ ဆွေးနွေးနိုင်ခဲ့ပါတယ်။ ရုရှားကဆိုရင် စွမ်းအင်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် အလွန်ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်နေတဲ့ နိုင်ငံတစ်ခုလို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့်မို့လည်း ရုရှားက ဒီနေ့ဒီအချိန်မှာ ဒီလိုရပ်တည်နိုင်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော် အများကြီးအားကျပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တော်တော်များများလည်း ဆွေးနွေးနိုင်ခဲ့ပါတယ်။ နောက် ဘယ်လာရုစ်ပေါ့။ ဘယ်လာရုစ်ကတော့ လယ်ယာစိုက်ပျိုးရေးကို အခြေခံတယ်။ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲကလည်း စိုက်ပျိုးရေးကို အခြေခံတဲ့ ထုက်ကုန်တွေ၊ ကုန်ထုက်လုပ်မှုတွေ အများကြီးမြှင့်တင်ချင်တယ်။ ဒီအတွက်ကြောင့် ကျွန်တော်တို့က Mechanize farm ကို သွားရမှာပေါ့။ ကျွန်တော်တို့ သွားဖို့လည်းလုပ်နေကြပါပြီ။ ဒီအပေါ်မှာ ဘယ်လာရုစ်နဲ့ပူးပေါင်းခြင်းက အင်မတန်မှန်ကန်တယ်။ ကောင်းမွန်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘယ်လာရုစ်က သူတို့ ဖိုရမ်မှာလည်း ပြောသွားပါတယ်။ စိုက်ပျိုးရေးကဏ္ဍကကိုပဲ ပြီးခဲ့တဲ့နှစ်က ငါးဘီလီယံကျော်ဝင်ငွေရခဲ့တဲ့အတွက် အလွန်အားကျဖို့ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဒီလိုမလုပ်နိုင်စရာမရှိပါဘူး။ ကျွန်တော်တို့ကြိုးစားလုပ်ရင်ရပါတယ်။ ဘယ်လာရုစ်နဲ့ ပတ်သက်ပြီးတော့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့နည်းပညာတွေ၊ စိုက်ပျိုးရေးကို ကျွန်တော်တို့ Mechanize farm ဖြစ်အောင် လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေထုတ်လုပ်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။ ခြုံပြီးပြောရရင် ဘယ်လာရုစ်နဲ့ ရုရှားနှစ်နိုင်ငံလုံးက အင်မတန်စနစ်ကောင်းပါတယ်။ ကျွန်တော်သူတို့နဲ့တွဲပြီးတော့ ဆယ်စုနှစ်တစ်စုကျော်ပါပြီ ကျွန်တော်လုပ်ခဲ့တာ။ အင်မတန်စနစ်ကောင်းပါတယ်။အတုယူဖို့လည်းကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံ စွမ်းအင်ဖူလုံရေးနဲ့ **စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ
လုံခြုံရေးအတွက် ကြိုးစားဆောင်ရွက်ပါမယ်။ ကျွန်တော်တို့နိုင်ငံမှာ ထိုက်သင့်သလောက် စွမ်းအင်အရင်းအမြစ်တွေရှိတယ်။ နံပါတ်တစ် ကျွန်တော်တို့က မရှာဖွေနိုင်သေးဘူး။ ပြီးပြည့်စုံအောင်မရှာဖွေနိုင်သေးဘူး။ ဒီအတွက်ကြောင့် ကျွန်တော်တို့က ရုရှားရဲ့နည်းပညာအကူအညီရယူပြီး ပူးပေါင်းဆောင်ရွက်မယ်။ နံပါတ်နှစ်က ရှာဖွေလို့တွေ့ပြီဆိုရင်လည်း ကျွန်တော်တို့က ထိထိရောက်ရောက်တူးဖော်နိုင်အောင် လုပ်ရမယ်။ ဒီအပိုင်းကိုလည်း ကျွန်တော်တို့က ရုရှားနဲ့ပူးပေါင်းဆောင်ရွက်ရမယ်။ နောက်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ အင်မတန်ကောင်းမွန်တဲ့နေရာရှိပါတယ်။ စွမ်းအင်ကုန်သွယ်မှုကို ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်။ အထူးသဖြင့် Energy Terminal ဟာမျိုးတွေ။ ကျွန်တော်တို့မှာ နိုင်ငံတကာကိုတင်ပို့နိုင်တဲ့၊ ထိုင်းနဲ့ တရုတ်ကို တင်ပို့နိုင်တဲ့ ပိုက်လိုင်းတွေရှိတယ်။ ကျွန်တော်တို့ ရေနက်ဆိပ်ကမ်းတွေရှိတယ်။ Energy Terminal ဆောက်ဖို့နေရာကောင်းတွေရှိတယ်။ ဒီနေရာ Energy Terminal တွေဆောက်မယ်။ ဒီပိုက်လိုင်းတွေနဲ့ ကျွန်တော်တို့ပို့မယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝဓာတ်ငွေ့ လုံလောက်အောင်လည်း အဲဒီက ရယူမယ်။ ရေနံချက်စက်ရုံတွေ ဆောက်မယ်။ စက်သုံးဆီကို သွင်းရတဲ့ဟာ နောက်ဆိုရင် ရှိမှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ကိုယ်တိုင် ချက်လုပ်ပြီးတော့သုံးစွဲမယ်။ နောက်ဓာတ်မြေဩဇာတွေ ချက်လုပ်မယ်။ ဒါက ကျွန်တော့်ကဏ္ဍပါ။ ဒီအပိုင်းကို လုပ်ဖို့အတွက် ရုရှားနဲ့ ပူးပေါင်းဆောင်ရွက်မယ်။ ကျွန်တော့်အတွက်လည်း အလွန်ပဲအတွေ့အကြုံရတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာန လုပ်ဆောင်နေတာကို ပြည်သူတွေသိမှလည်း၊ ပြည်သူတွေလိုက်ပါဆောင်ရွက်မှလည်း၊ ပြည်သူတွေ ကူညီမှလည်း အောင်မြင်မှာဖြစ်ပါတယ်။

**ဒေါက်တာမျိုးသိန်းကျော်**
**ပြည်ထောင်စုဝန်ကြီး**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဆိုတာကတော့ အဓိကအားဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံအတွက် ဒါတွေ တစ်ထောင့်တစ်နေရာက တာဝန်ယူနေရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုတာကလည်း သိပ္ပံနဲ့ နည်းပညာဆိုင်ရာမှာ တကယ့်ကမ္ဘာ့ထိပ်တန်းနိုင်ငံပါ။ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်တွေကလည်း တကယ့်အဆင့်မြင့်တဲ့ တက္ကသိုလ်တွေပါ။ ဒါကြောင့်မို့ ကျွန်တော်တို့နိုင်ငံအတွက်တော့ ဒီသိပ္ပံနဲ့ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပါ တန်ဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေ ရရှိခဲ့တယ်လို့ပြောလိုပါတယ်။ ပထမတစ်ချက် အနေနဲ့ကတော့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပါ။ ဘယ်နေရာမဆို အခြေခံအကျဆုံးက လူသားအရင်းအမြစ်ပဲ။ ဒီလူသားအရင်းအမြစ်ကို တကယ့်ကိုလက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ပေးနိုင်ဖို့အတွက် နားလည်မှုတွေ၊ အပြန်အလှန်လက်မှတ်ရေးထိုးနိုင်ခဲ့တာတွေရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် အားပါပဲ။ တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုဖြစ်စေဖို့အတွက် အခြေခံအုတ်မြစ်တွေလို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒ့ါအပြင် ရုရှားနိုင်ငံဆိုတာက တကယ့်နည်းပညာပိုင်းဆိုင်ရာမှာလည်း ထိပ်တန်းနိုင်ငံပါ။ အဏုမြူစွမ်းအင်ဆိုရင်လည်း တကယ့်ထိပ်တန်းနိုင်ငံပါပဲ။ အဏုမြူစွမ်းအင်ဆိုတာကလည်း တကယ်တော့ ငြိမ်းချမ်းတဲ့နယ်ပယ်မှာ၊ နေရာကဏ္ဍအစုံအလင်မှာ အသုံးချလို့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အတွက် အကျိုးကျေးဇူးတွေဖြစ်လာမှာပါ။ ဒ့ါအပြင် အာကာသမှာလည်း ရုရှားနိုင်ငံဆိုတာ တကယ့်ထိပ်တန်းရောက်နေတဲ့နိုင်ငံပါ။ ပထမဆုံးဂြိုဟ်တုလွှတ်တင်နိုင်ခဲ့တယ်။ အာကာသထဲကို ပထမဆုံး လူသားပေးပို့နိုင်ခဲ့တယ်။ ဒီလိုနိုင်ငံဆီကနေ ကျွန်တော်တို့ အတွေ့အကြုံတွေမျှဝေခွင့်ရတယ်၊ ပညာလေ့လာခွင့်ရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေပါပဲလို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက်ကို ယုံကြည်ပါတယ်လို့ ပြောလိုပါတယ်။

**ဦးအေးဝင်း**
**ဥက္ကဋ္ဌ (UMFCCI) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာ ပြီးခဲ့တဲ့ မတ် ၄ ရက်တုန်းက ရုရှား-မြန်မာ Business Forum တစ်ခုကို ကျွန်တော်တို့ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီ Forum မှာ ကျွန်တော်တို့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ လူတွေကော၊ နောက်ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေပါ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီပွဲမှာတော့ အဓိက ကျွန်တော်တို့ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကြားထဲမှာ ကုန်သွယ်မှုပိုင်းဆိုင်ရာ၊ နောက်ပြီးတော့ ရင်းနှီးမှုပိုင်းဆိုင်ရာတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မယ်၊ ဘယ်လိုတိုးမြှင့် ဆောင်ရွက်နိုင်မယ်ဆိုတာကို ကျွန်တော်တို့ အပြန်အလှန် ဆွေးနွေးခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့မှာလည်း ပြီးခဲ့တဲ့ မတ် ၆ ရက်က မြန်မာ-ဘယ်လာရုစ် Business Forum ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာလည်း ဘယ်လာရုစ်နိုင်ငံဘက်ကနေပြီးတော့ စီးပွားရေးအဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့သူတွေကော စီးပွားရေးလုပ်ငန်းရှင်တွေပါ စုစုပေါင်း ၁၅၀ ဝန်းကျင်လောက် တက်ရောက်ခဲ့ကြပါတယ်။ အဲဒီပွဲမှာလည်း အလားတူပါပဲ ဘယ်လာရုစ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်လို့ရနိုင်မလဲ၊ နောက် ကုန်သွယ်မှုတွေကို ဘယ်ဟာတွေက ကုန်သွယ်မှုပြုလုပ်နိုင်မလဲ၊ ဘယ်အပိုင်းတွေကိုတော့ ရင်းနှီးမြှုပ်နှံမှုတွေကို လုပ်နိုင်မလဲဆိုတဲ့အပိုင်းကို အပြန်အလှန်ဆွေးနွေးခဲ့ပါတယ်။ အလားတူပဲ ဘယ်လာရုစ်ဘက်နဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံကြားမှာ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့အတွက် ကုန်သွယ်မှုနဲ့ တချို့ရင်းနှီးမြှုပ်နှံမှုတွေ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ MoU တွေလည်း ရေးထိုးနိုင်ခဲ့တာရှိပါတယ်။ အဓိကကတော့ ရုရှားနဲ့ကော ဘယ်လာရုစ်နဲ့ပါ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံမှာ အဓိကပင်မ စီးပွားရေးကဏ္ဍက လေးရပ်ရှိတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ဓာတ်သတ္တုနဲ့ သဘာဝသယံဇာတကဏ္ဍရှိမယ်။ နောက်တစ်ခုကတော့ ဝန်ဆောင်မှု ကဏ္ဍလေးရပ်ရှိတယ်။ အဲဒီလေးရပ်အနက်မှာ အဓိကကဏ္ဍတွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်ငန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံဘက်ကနေပြီးတော့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာတွေ၊ နောက်မြန်မာနိုင်ငံမှာ ဒီကဏ္ဍတွေမှာရှိတဲ့ အခွင့်အလမ်းတွေကို ကျွန်တော်တို့က ရှင်းလင်းဆွေးနွေးပြခဲ့တာရှိပါတယ်။ ဒီကဏ္ဍတွေမှာ ကျွန်တော်တို့က စိတ်ဝင်စားမှုတွေအများအပြားရှိပါတယ်။ ပထမအဆင့်မှာတော့ ကုန်သွယ်မှု၊ အပြန်အလှန်ကုန်သွယ်မှုကို ကျွန်တော်တို့ကစတင်မှာဖြစ်ပြီးတော့ နောက်ပိုင်းမှာ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားမယ့်အလားအလာတွေ တွေ့ရှိရပါတယ်။

**ဦးအောင်အောင်ဇော်**
**ဥက္ကဋ္ဌ(MAI လေကြောင်းလိုင်း)**

ခရီးသွားတွေ များများရောက်ရှိရေးအတွက် ပရိုမိုးရှင်းသွားလုပ်တဲ့ပွဲပါ။ ခရီးသွားဆိုတာက ဥရောပသားတွေက ဒီအချိန်မှာလာဖို့သိပ်စိတ်မဝင်စားဘူး။ တကယ်လာချင်တာက ရုရှားတို့၊ အိန္ဒိယတို့၊ တရုတ်တို့ကပဲ မြန်မာပြည်ကိုလာချင်တာ။ နောက်တစ်ခုက ထားဝယ်ရေနက်ဆိပ်ကမ်းကို ရုရှားနဲ့လုပ်မယ်ဆိုတော့ ဒါနဲ့ပတ်သက်ပြီး Business Traveller တွေလည်း လာဖို့ရှိတဲ့အတွက် လေကြောင်းနဲ့ပတ်သက်ပြီး သွားရောက်ရှင်းလင်းတင်ပြရတာပါ။ ခရီးသွားအရေအတွက် အာမခံချက်ရမယ်ဆိုရင် လေကြောင်းတွေဘယ်လိုတိုးမြှင့်ပြီး ပြေးဆွဲမယ်။ ဒီလိုပြေးဆွဲတဲ့နေ ရာမှာ လက်ရှိလည်း နိုဗိုစီဗစ်ကို ပျံနေတယ်။ ခရီးသွားလာရေးဆိုတာက မီးခိုးတိတ်စီးပွားရေးရှာတာ။ စက်ရုံ၊ အလုပ်ရုံတွေလိုမဟုတ်ဘူး။ အသံတိတ်လေး ပိုက်ဆံဝင်တယ်။ ဟိုတယ်တွေ၊ စကားပြန်တွေ၊ ကျွန်တော်တို့ဘက်ကလည်း ဝန်ဆောင်မှုအပြည့် လုပ်ပေးနိုင်တယ်ဆိုရင် ရုရှားတွေကလည်း ဒီကိုလာဖို့ စိတ်ဝင်စားတယ်။ အထူးသဖြင့် သူတို့ကကမ်းခြေကိုအလွန်ကြိုက်တယ်။ ထိုင်းကိုလည်း အတော်သွားကြတယ်။ ဖူးခက်တို့၊ ဗီယက်နမ်ကမ်းခြေတို့ကို သွားတဲ့အချိန်မှာ တိုက်ရိုက်သွားမယ့်အစား အာဆီယံဒေသရဲ့ Gateway တစ်ခုအဖြစ် မြန်မာပြည်ကိုအရင်လာလည်၊ မြန်မာပြည်က လည်ပတ်စရာတွေကို နှစ်ရက်၊ သုံးရက်လည်ပြီး ကျန်တဲ့ဒေသတွေကို သွားပါ။ မြန်မာပြည်ကနေတစ်ဆင့် ပြန်မယ်ဆိုရင် Air Flight တွေနဲ့ အဆင်ပြေအောင် စီစဉ်ပေးပါမယ်ဆိုပြီး ကျွန်တော်တို့ကသွားပြီး ပရိုမိုးရှင်းလုပ်တာ။ ထိုင်းကို တစ်နှစ်တစ်နှစ်သွားနေတဲ့ ခရီးသွားတွေ သန်း ၃၀ လောက်နေရာမှာ ကျွန်တော်တို့နိုင်ငံကို ၅ ရာခိုင်နှုန်းလောက်ပဲလာ။ တစ်သန်းခွဲလောက်ပဲလာ၊ နှစ်သန်းလောက်ပဲလာဦး။ လူတစ်ယောက်က ဒေါ်လာ ၁၅၀၀ ၊ ၂၀၀၀ လောက်တော့ သုံးရမယ်။ လေယာဉ်လက်မှတ်ခ၊ ဟိုတယ်ခနဲ့ဆိုရင်ကို ကျွန်တော်တို့ တိုင်းပြည်မှာ US ဒေါ်လာ 3 to 5 ဘီလီယံလောက် ဝင်ငွေစီးဆင်းသွားမယ်။ အဲဒါနဲ့ဆက်စပ်ပြီး လုပ်ငန်းတွေရကြမယ်။ ဟိုတယ်မှာနေတဲ့သူတွေ လည်ပတ်သွားကြမယ်ဆိုရင် သူ့ရဲ့ဝင်ငွေကိုက 10 ဘီလီယံလောက်အထိ တက်သွားနိုင်တယ်။ ဒါဆိုရင် တိုင်းပြည်ရဲ့စီးပွားရေးကိုလည်း အများကြီးအထောက်အကူပြုလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ဒီခရီးသွားလုပ်ငန်းမှာ လူဦးရေများများရအောင်သွားပြီး ပရိုမိုးရှင်းလုပ်တဲ့ပွဲပါ။ ကျွန်တော်တို့ အခုပြောရတဲ့အထဲမှာ တော်တော်များများကတော့ အတော်စိတ်ဝင်စားကြတယ်။ အရင်တုန်းက မြန်မာပြည်ဘာလဲဆိုတာ သူတို့သိပ်မသိတဲ့သူတွေလည်း ရှိကြတယ်။ ရောက်ဖူးတဲ့သူတွေပဲ သိကြတာ။ အဲဒီတော့ မြန်မာပြည်မှာ ဘယ်နေရာတွေက လည်လို့ကောင်းတယ်။ ငြိမ်းချမ်းမှုအခြေအနေလည်း ဘယ်လိုအနေအထားတွေရှိတယ်၊ ဘယ်နေရာတွေက သွားလို့ရတယ်။ မကြာခင်မှာ အားလုံးအဆင်ပြေပြေနဲ့သွားလို့ရပါမယ်။ အဲဒီလိုပြောခဲ့တော့ နှစ်နိုင်ငံလုံးက စိတ်အားထက်သန်စွာနဲ့ ဒီကိုလာချင်ကြတယ်။ တိုက်ရိုက်ပျံသန်းခွင့်ရရှိရေးတို့၊ ခရီးသည်တွေ သွားလာဖို့လွယ်ကူဖို့အတွက်တော့ သူတို့တောင်းဆိုတာ ဘာသာပြန်တွေလုံလောက်ဖို့ရယ်၊ ဟိုတယ်အခန်းအရေအတွက် လုံလောက်မယ်ဆိုရင် သူတို့ရဲ့ Tour Package လာလေ့လာပြီးရင် စီစဉ်ပါမယ်။ ၂၀၂၅ ခုနှစ်ရာသီမှာလည်း မီသလောက်လာမယ်။ ၂၀၂၆-၂၀၂၇ ကိုတော့ ခရီးသည်တွေအများကြီးလာဖို့ သူတို့ခရီးသွား ကုမ္ပဏီတွေဘက်ကလည်း အများကြီးစိတ်ဝင်စားတယ်။ နောက်တစ်ခုက အစိုးရ Government Traveller တွေရှိတယ်။ အစိုးရအရာရှိမိသားစုဝင်တွေကို သူတို့အစိုးရတွေကပဲစီစဉ်ပေးတယ်။ အဲဒီလို ခရီးသွားတွေကို တခြားနိုင်ငံလွှတ်မယ့်အစား ကျွန်တော်တို့ နှစ်နိုင်ငံချစ်ကြည်ရေး မြန်မာပြည်ကို လွှတ်လိုက်မယ်ဆိုရင်လည်း ဒီလူဦးရေက ပြည့်မီသွားနိုင်တာပေါ့။ အဲဒါမျိုးလေး ရရှိဖို့အတွက် သူတို့ဘက်က Ministry of Tourism တို့၊ Tourism Board တို့၊ ခရီးသွားအေဂျင်စီတို့နဲ့လည်း ကျွန်တော်တို့ ပြောဆိုညှိနှိုင်းနေတာရှိပါတယ်။ အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကလည်း ခုကစပြီး ရှေ့လျှောက်ပွင့်လင်းလာမယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးတွေလည်း အများကြီးတိုးတက်အောင်မြင်လာလိမ့်လို့ မျှော်လင့်ပါတယ်။ ဘာပဲပြောပြော Positive Thinking ကောင်းတာကို လုပ်တာဖြစ်တဲ့အတွက် ကောင်းတာတွေဖြစ်လာမှာပါလို့ ယုံကြည်ပါတယ်။ မြန်မာပြည်ကြီး ဖွံ့ဖြိုးစည်ပင်တိုးတက်ပါစေလို့ဆန္ဒပြုပါတယ်။ ■



# ပေါင်မြို့နယ်၌ သနပ်ခါးအလှမယ်ပြိုင်ပွဲ ကျင်းပ

**ပေါင် မတ် ၁၀**

မွန်ပြည်နယ် ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် သနပ်ခါးအလှမယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် (အထက)ပေါင် ရွှေရတုခန်းမ၌ ကျင်းပသည်။

**ယှဉ်ပြိုင်**

ဦးစွာ သနပ်ခါးအလှမယ်ပြိုင်ပွဲကို မောင့်ချစ်သူသနပ်ခါးသီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ပြိုင်ပွဲဝင်များက တစ်ဦးချင်းမိတ်ဆက်ခြင်းနှင့် ကိုယ်ဟန်ပြလှည့်လည်ခြင်းများ ပြုလုပ်သည်။ ဆက်လက်၍ သနပ်ခါးအလှမယ်များက တစ်ဦးချင်းစီအလိုက် စိတ်ကြိုက်ကိုယ်ဟန်ပြကွက် သုံးကွက်ဖြင့် ပါဝင်ယှဉ်ပြိုင်ခြင်း၊ သနပ်ခါးနှင့်ပတ်သက်သည့် တေးသီချင်းသီဆိုခြင်း၊ ကပြခြင်း၊ တေးသရုပ်ဖော်တို့ဖြင့် တစ်ဦးချင်း ယှဉ်ပြိုင်ခြင်းနှင့် ဗဟုသုတကြွယ်ဝမှုနှင့်ပတ်သက်၍ ဆန်းစစ်ခြင်းတို့ပြုလုပ်သည်။

ဆက်လက်၍ အထက(ဇင်းကျိုက်)မှ မလင်းမို့မို့ထွန်းအား ပထမဆု ငွေကျပ် ၁၀၀၀၀၀၊ အထက (ကျွဲခြံ)မှ မယွန်းနဒီမောင်အား ဒုတိယဆု ငွေကျပ် ၇၀၀၀၀ နှင့် အထက (ဇင်းကျိုက်) မှ မချစ်လွန်းချိုအား တတိယဆု ငွေကျပ် ၅၀၀၀၀ တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ပထမဆုနှင့် ဒုတိယဆုရရှိသူနှစ်ဦးသည် မတ် ၁၉ ရက်တွင် ကျရောက်မည့် မွန်ပြည်နယ်နေ့တွင် ဆက်လက်ပြိုင်ပွဲဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ရာမှ မတ်လ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သော ကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၀-၃-၂၀၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှရရှိခဲ့သည့် အောင်မြင်မှုရလဒ်များအတွက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်မှုများစွာရရှိအောင် ဖော်ဆောင်နိုင်ခဲ့ခြင်းအတွက် မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်က အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း ရုရှားနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိစဉ် လူငယ်ကဏ္ဍ၊ မီဒီယာကဏ္ဍတို့နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားချက်

### လူငယ်ကဏ္ဍ

**မေး ။ ။ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်ကိုသွားတဲ့ ချစ်ကြည်ရေးခရီးစဉ်သတင်းထုတ်လွှင့်မှုတွေကို မီဒီယာ အမြောက်အမြားမှာ တွေ့ရပါတယ်။ အဲ့ဒီနေရာမှာ ကျွန်တော် သတိထားမိတာက အဲဒီနိုင်ငံရဲ့ ပြည်နယ်အဆင့် ဝန်ကြီးအများစု၊ ဝန်ထမ်းအကြီးအကဲတွေ၊ အသင်းအဖွဲ့ တာဝန်ရှိသူတွေဟာ တက်ကြွတဲ့လူငယ်တွေ ဖြစ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ လူငယ်တွေရဲ့ အခန်းကဏ္ဍဟာ နည်းပါးနေပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ဗိုလ်ချုပ် ဘယ်လို ထင်မြင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက တော်တော်အရေးကြီးပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို သွားပြီဆိုရင် လူငယ်အခန်းကဏ္ဍက ပိုအရေးကြီးတယ်။ ဘာကြောင့် လူငယ်အခန်းကဏ္ဍက အရေးကြီးလဲဆိုတော့ ဒီလူငယ်တွေကပဲ ခေါင်းဆောင်တက်လုပ်မှာဖြစ်တယ်။ ဒီလူငယ်တွေကပဲ အဖွဲ့အစည်း အသီးသီးမှာ ပါဝင်မှာဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက တော့ လူငယ်နဲ့ လူကြီးတွေရဲ့ ကွာခြားချက်ပေါ့။ လူငယ်တွေကတော့ သူ့ရဲ့ လိုအင်ဆန္ဒပေါ့၊ လူကြီးတွေကတော့ ကြောင့်ကြမှုပေါ့။ အတိုချုပ် ပြောရရင် လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှု။ လူငယ်တွေရဲ့ တောင့်တမှုဆိုတာ လူငယ်တွေသည် သူတို့က အမြဲတမ်း အလိုရှိတယ်။ တိုးတက်စေချင်တယ်။ လူငယ်တွေသည် ဒီ့ထက်ပိုပြီး တော့ ကောင်းစေချင်တယ်။ ဒီ့ထက်ပိုပြီးတော့ အလုပ်လုပ်ပြချင်တယ်။ ဒီ့ထက်ပိုပြီးတော့ ကြိုးစားပြချင်တယ်။ လူငယ်တွေရဲ့ တောင့်တမှု သည် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါတယ်။ လူကြီးတွေရဲ့ ကြောင့်ကြမှုဆိုတာ ဘာကိုကြောင့်ကြတာလဲဆိုတော့ ဒါကိုလုပ်ပေး လိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံအတွက် ဘာတွေထိခိုက်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဝင်လာနိုင်မလဲ၊ ဘာမဟုတ်တာတွေ ဖြစ်လာနိုင်မလဲ၊ လူငယ်တွေရဲ့ တောင့်တမှုနဲ့ လူကြီးတွေရဲ့ ကြောင့်ကြမှုတွေကို အတိုင်းအတာတစ်ခုအထိ သူတို့နိုင်ငံတွေက ချိန်ညှိပေးနိုင်တယ်လို့ မြင်တယ်။ ဘာတွေတွေ့ခဲ့သလဲဆိုတော့ လူကြီးတွေ၊ နိုင်ငံ အကြီးအကဲတွေ၊ လူကြီးတွေက ဆွေးနွေးနေတယ်။ ဆွေးနွေးနေတဲ့ အချိန်မှာ လူငယ်ဝန်ကြီးတွေက အဲဒီစကားဝိုင်းထဲမှာ ဝင်ပြီးတော့ ပြောချင်ပြောတာပဲ။ လူကြီးတွေက ပြောနေတဲ့စကားဝိုင်းထဲမှာ ဝင်ပြောချင်ပြောတာပဲ။ မှန်ရင် အဲဒီလူကြီးက လက်ခံလိုက်တယ်။ ဆက်ပြော၊ လုပ်ပါလို့ ပြောလိုက်တယ်။ အဲဒီတော့ လူငယ်တွေက ခုန တုန်းကပြောတဲ့ တောင့်တမှုတွေ၊ ဖွံ့ဖြိုးတိုးတက်ချင်မှုတွေနဲ့ လူကြီး တွေရဲ့ ကြောင့်ကြမှုတွေ ဒီနှစ်ခုကိုချိန်ညှိရမယ်။ တောင့်တမှုတွေမရရင် ဘာဖြစ်လာမလဲ၊ တောင့်တမှုတွေမရရင် ဒေါသဖြစ်လာတယ်။



ကြောင့်ကြမှုတွေမရရင် ဘာဖြစ်မလဲ၊ ကြောင့်ကြမှုတွေမရရင် မောဟ ဖြစ်တာပေါ့။ ဒီကြားထဲမှာ ချိန်ညှိပေးနိုင်ရင်တော့ ဒီဟာသည် ထပ်ပြီးတော့ တိုးတက်လာမယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့က လူငယ်တွေနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာန တစ်ခု သီးသန့်ဖွဲ့စည်းထားတာရှိတယ်။ လူငယ်တွေနဲ့ ပတ်သက်ပြီး တော့ ဗလငါးတန်ဖွံ့ဖြိုးဖို့ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် နေတာရှိပါတယ်။ ဒါတွေလည်း ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ ဒါသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးတဲ့ လုပ်ငန်း စဉ်လို့ပဲ မြင်ပါတယ်။ လူငယ်တွေနဲ့ပတ်သက်ပြီး ပိုပြီးတိုးတက်တဲ့ အသိအမြင်တွေ ပိုပြီးဆောင်ရွက်ချက်တွေ ဆောင်ရွက်မှာ ဖြစ်တယ်။ ဒါသည် လူကြီးတွေရဲ့တာဝန်လည်းဖြစ်တယ်၊ လူငယ်တွေရဲ့တာဝန် လည်းဖြစ်ပါတယ်။ ခုနက ပြောသလို တောင့်တမှုနဲ့ ကြောင့်ကြမှုကို ဟန်ချက်ညီအောင်ထိန်းနိုင်တယ်ဆိုရင် ဒါသည် ပိုမိုတိုးတက်လာ မယ်လို့ မြင်ပါတယ်။

**မေး ။ ။ ဒါဆိုမြန်မာနိုင်ငံက လူငယ်တွေဘာလုပ်သင့်သလဲ။**

ဖြေ။ ။ လူငယ်တွေအတွက် ကျွန်တော် ပြောချင်တာကတော့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကိုယ့်နိုင်ငံ ဒီ့ထက် ငြိမ်းချမ်းရေး၊ ကိုယ့်နိုင်ငံ ဒီ့ထက်သာယာရေးအတွက် မည်သူကအသိအမှတ်ပြုသည်ဖြစ်စေ၊ အသိအမှတ်မပြုသည်ဖြစ်စေ မိမိတာဝန်ပဲ အဲဒီလိုခံယူပြီးတော့ လုပ်သွားပေးကြပါလို့ ပြောချင်ပါတယ်။

### မီဒီယာကဏ္ဍ

**မေး ။ ။ ကျွန်မတို့ သတင်းထုတ်ပြန်မှုတွေကို ကြည့်တဲ့အခါ အခမ်းအနားတိုင်း လုပ်ဆောင်မှုတိုင်းမှာ ရုရှားမီဒီယာတော်တော်များများကို တွေ့ရပါတယ်။ ရုရှားမှာ မီဒီယာကဏ္ဍတိုးတက်နေတယ်လို့ မြင်ရပါတယ်။ မြန်မာမီဒီယာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘာလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

ဖြေ ။ ။ သူတို့နိုင်ငံဘက်က မီဒီယာနဲ့ ကျွန်တော်တို့နိုင်ငံဘက်က မီဒီယာများအနေနဲ့ သူတို့မှာလည်း သူတို့ကိုမကောင်းရေးတဲ့ မီဒီယာ ရှိကောင်းရှိမှာပေါ့။ ဒါပေမဲ့ ကျွန်တော်မြင်တာက သူတို့နိုင်ငံဘက်မှာ ခေါ်ထားတဲ့မီဒီယာတွေရဲ့ လှုပ်ရှားပုံက သူတို့နိုင်ငံ သူတို့တော်တော်လေးကို ဂုဏ်ယူတယ်။သူတို့နိုင်ငံကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ချစ်တယ်။ သူတို့လူမျိုးကို သူတို့ဂုဏ်ယူတယ်။ သူတို့လုပ်ရပ်ကို ဂုဏ်ယူတာကို တော်တော်လေးမြင်တွေ့ခဲ့ရတယ်။ ကျွန်တော်တို့ သွားလာတဲ့အခါ တချို့သောသတင်းထုတ်လွှင့်ချက်ထဲမှာ သူတို့မီဒီယာတွေရဲ့ လှုပ်ရှားမှုကို ခင်ဗျားတို့ မြင်ရမှာပဲ။ ဒီလိုမျိုး လုပ်ဆောင်နိုင်ဖို့ ဒီလိုမျိုးဖြစ်နိုင်ဖို့အတွက် ကျွန်တော်တို့ကလည်း ကြိုးစားရမှာဖြစ်တယ်။ မီဒီယာကလည်း ကြိုးစားရမှာဖြစ်တယ်။ အစိုးရပိုင်းကလည်း လုပ်ပေးရမှာ ဖြစ်တယ်။ မီဒီယာပိုင်းကလည်း လုပ်ပေးရမှာဖြစ်တယ်။ သူတို့နိုင်ငံမှာ ကျွန်တော်တို့တွေ့တာ အလေး ပေးဆက်ဆံတာတွေ၊ နေရာပေးတာတွေ၊ မီဒီယာနဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုတာတွေ တွေ့ရသလို သူတို့ကိုယ်တိုင်ကလည်း တော်တော့်ကို အရည်အချင်းပြည့်ဝပါတယ်။ ပြည့်ဝတယ်ဆိုတာက ကျွန်တော်တို့ မီဒီယာတွေအများစုနဲ့ မြို့တစ်မြို့ရောက်တိုင်း တွေ့ရပါတယ်။ သူတို့မေးတဲ့မေးခွန်းတွေက မထင်မှတ်တဲ့မေးခွန်းတွေ ဖြစ်တယ်။

**မေး။ ။ ဒါဆို မြန်မာနိုင်ငံက မီဒီယာတွေအပေါ်မှာ ဘယ်လို မြင်ပါသလဲ။**

ဖြေ။ ။ လက်ရှိ မြန်မာနိုင်ငံရဲ့ မီဒီယာအခင်းအကျင်းကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ အားမရဘူးလို့ ပြောရမှာပေါ့။ အားမရဘူး ဆိုတာက ၂ ပိုင်းပေါ့။ နံပါတ် ၁ အပိုင်းက ပြည်ပ ကနေရှိနေတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ လှုံ့ဆော်မှု၊ နံပါတ် ၂ အပိုင်း ကတော့ ပြည်တွင်းမီဒီယာတွေအနေနဲ့ကတော့ ကျွန်တော်စာနာပါတယ်။ ကန့်သတ်ချက်တွေအများကြီးထဲက သူတို့လုပ်နေတာ ဖြစ်တယ်။ သူတို့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ မရှိဘူးလို့ ပြောတာ မဟုတ်ဘူး။ ရှိတယ်၊ ရှိပေမယ့်လို့ ဒါကို သူတို့မှာ ထင်ထင်ပေါ်ပေါ် ပြနိုင်ဖို့၊ ပွင့်ပွင့်လင်းလင်းပြနိုင်ဖို့ ဒါမှမဟုတ် ရက်ရက်ရောရော ပြနိုင်ဖို့ အခွင့်အလမ်းနည်းပါးတယ်။ ဘာပဲပြောပြော ကျွန်တော်တို့က ရွေးကောက်ပွဲလုပ်မယ့် အခင်းအကျင်း၊ ရွေးကောက်ပွဲပြီးတဲ့ ကာလ တွေမှာတော့ ပိုပြီး ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။ မြန်မာ့မီဒီယာ ကဏ္ဍလည်း ဒီ့ထက်ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်။

# တစ်သားတည်းပင် ကြားမထင်ဘဲ

ပြည်စိုးညိမ်း

**ရုရှားနှင့် မြန်မာ**
**မြန်မာနှင့် ရုရှား။**
**သူ့နိုင်ငံ သူ့အရေးကလည်း**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးလိုပဲ့**
**ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း**
**သူ့နိုင်ငံ သူ့အရေးရယ်သို့**
**ရှေးရှုစိတ်ထား။**

ယနေ့သည် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယမြောက်နေ့ရက်ဖြစ်သည်။ ရာသီဥတုမှာ မော်စကိုမြို့၏ ကောင်းကင်တစ်ခွင်ဝယ် သာယာကြည်လင်လျက်ရှိသည်။ အပူချိန်မှာ ၄ ဒီဂရီစင်တီဂရိတ်မျှရှိမည်ထင်၏။ အဆောက်အအုံများအတွင်း၌မူ နေရာမလပ် အနွေးပေးစက်များ စီမံထားရှိသဖြင့် အခန်းတွင်းအပူချိန်မှာ မသိသာလှသော်လည်း ပြင်ပ၌မူ အအေးဓာတ်က လွှမ်းခြုံလျက်ရှိနေသေး၏။

ခရီးစဉ်ဒုတိယနေ့အတွက် တစ်နေ့တာအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာ များပြားလှသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်း စသည်ဖြင့်လေးနက်ကျယ်ပြန့်သော တာဝန်ဝတ္တရားများက အရုဏ်ဦးနေ့သစ်နှင့်အတူ အသင့်စောင့်ကြိုနေသည်။

အမိမြန်မာနိုင်ငံတော်၏ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများကလည်း ထိုတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရန်အလို့ငှာ မော်စကိုမြို့၏နံနက်အရုဏ်ဦးနှင့်အတူ နိုးကြားဖျတ်လတ်စွာ အသင့်ရှိနေကြသည်။

ပထမဆုံးအစီအစဉ်အရ မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်သို့ လုံခြုံရေးယာဉ်တန်းများခြံရံထားသည့် အထူးယာဉ်တန်းဖြင့်ထွက်ခွာ၍ လွှမ်းသူ့ပန်းခွေချ အလေးပြုသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မတ် ၄ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

နိုင်ငံတော်အကြီးအကဲသည် ရှေ့ဆောင်စစ်သည်နှစ်ဦး ဦးဆောင်၍ လွှမ်းသူ့ပန်းခွေအား သယ်ဆောင်ပြီး အညတရစစ်သည်ဂူဗိမာန်၌ လွှမ်းသူ့ပန်းခွေချ အလေးပြုလျက်ရှိစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

အကြီးအကဲသည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကိုခံယူပြီး တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထိုသို့နှုတ်ဆက်နေစဉ် အနွေးစစ်ဝတ်များဖြင့် ညီညာစွာ သက်ဝင်လှုပ်ရှားနေသော ဂုဏ်ပြုတပ်ဖွဲ့သည် မြန်မာ့တပ်မတော်စစ်သီချင်းများဖြင့် ထပ်မံတီးမှုတ်ဂုဏ်ပြုခဲ့သည်။

ထိုနေ့နံနက်ပိုင်းမှာပင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီအတွင်းရေးမှူး Mr. Sergey Kuzhugetovich Shoigu အား ၎င်း၏ အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံဆွေးနွေးသည်။

လုံခြုံရေးကောင်စီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ရင်းနှီးနွေးထွေးစွာ ဆီးကြိုနှုတ်ဆက်၍ ခန်းမအတွင်းသို့ ဦးဆောင်ခေါ်ယူသည်။ ဆွေးနွေးပွဲစတင်သည်နှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများကို မင်္ဂလာရှိစွာ စတင်ဆွေးနွေးသည်။ သည့်နောက်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပိုမိုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးကြသည်။ မိမိတို့နိုင်ငံတွင် မကြာမီကာလအတွင်း နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဆင်ယင်ကျင်းပတော့မည့်နည်းတူ ရုရှားနိုင်ငံ၌လည်း နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ ကျင်းပတော့မည်ဖြစ်သည်။ လုံခြုံရေးကောင်စီအတွင်းရေးမှူးက ထိုအခမ်းအနားကြီးသို့ မြန်မာကိုယ်စားလှယ်များ တက်ရောက်ရေးနှင့် အခြားသောလုံခြုံရေးဖိုရမ်များ၌လည်း မြန်မာကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်းဆိုင်ရာအကြောင်းကိစ္စများကို ပြန်လည်ဆွေးနွေးခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်းက ကျင်းပပြီးစီးခဲ့သည့် (၁၂)ကြိမ်မြောက် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့လည်း မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီးဖြစ်သည်။

လုံခြုံရေးကောင်စီ အတွင်းရေးမှူးအား နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့၊ စည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းအားဖြင့် တွေ့ဆုံပွဲကို လှပစွာအနားသတ်လိုက်သည်။ တွေ့ဆုံပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒူးမားလွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် တွေ့ဆုံဆွေးနွေးရန် စီမံဆောင်ရွက်ကြပြန်သည်။ အချိန်မှာ ဒေသစံတော်ချိန် နံနက်ပိုင်းမှာပင် ရှိနေသေး၏။ မြန်မာကိုယ်စားလှယ်အဖွဲ့၏ အချိန်ရှိခိုက်လုံ့လစိုက်၍ ကြိုးပမ်းနေကြပုံများမှာ နှစ်ထောင်းအားရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်များ ဒူးမားလွှတ်တော်အဆောက်အအုံသို့ ရောက်ရှိသည်နှင့် ကြိုတင်ရောက်ရှိနေရာယူထားသော ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ဖက်လဲတကင်း ဆီးကြိုနှုတ်ဆက်၍ အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲတွင် ဒူးမားလွှတ်တော်၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှု၊ လွှတ်တော်နှင့်ပါတီများ ဖွဲ့စည်းထားရှိမှု၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား လွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ခဲ့ရမှုနှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။ ဆက်လက်၍ ရုရှားနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ရွေးကောက်ပွဲကျင်းပချိန်၌ ထောက်ခံအားပေးသွားမည့်အခြေအနေများ၊ ပြည်ပမှ အကူအညီများရယူသည့် ပါတီများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေမှုအခြေအနေများ၊ မြန်မာနိုင်ငံလွှတ်တော်များ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် ရွေးကောက်ပွဲကျင်းပမှုပုံစံများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ကြမည့် အခြေအနေများကိုလည်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Vyacheslav Volodin နှင့် မတ် ၄ ရက်က ဒူးမားလွှတ်တော် အဆောက်အအုံအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များမှာမူ တွေ့ဆုံဆွေးနွေးမှုများနှင့် လုပ်ငန်းဆောင်တာများအကြား ခေါင်းမဖော်နိုင်စတမ်း မအားလပ်နိုင်အောင် အလုပ်များလျက်ရှိရာ နေ့လယ်ပိုင်းသို့ ရောက်သွားသည်ကိုပင် သတိထားမိကြပုံမပေါ်။ စာမျက်နှာ ၇ သို့ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim တို့ မတ် ၄ ရက်က ရုရှားအစိုးရအဖွဲ့အိမ်တော်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**“ နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများ တစ်လျှောက်လုံးတွင် အကြီးအကဲ၏ တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသောသန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ်ထားရှိသောစေတနာတို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် ဆွေးနွေးချက်များသာ ”**

❑ စာမျက်နှာ ၆ မှ

ဒေသစံတော်ချိန် နေ့လယ်ပိုင်းတွင် ရုရှားအစိုးရအဖွဲ့ အိမ်တော်အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ် H.E. Mikhail Vladimirovich Mishustim နှင့် တွေ့ဆုံဆွေးနွေးရန် ဆက်လက်ထွက်ခွာခဲ့သည်။

ရုရှားအစိုးရအဖွဲ့အိမ်တော်သို့ ရောက်ရှိသည်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့ဝန်ကြီးချုပ်က ရင်းနှီးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ နှစ်ဖက်တာဝန်ရှိသူများတွေ့ဆုံပွဲကို ဆက်လက်ပြုလုပ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ ချစ်ကြည်ရေးခရီးစဉ်လာရောက်မှုအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း နှုတ်ခွန်းဆက်စကားဆိုသည်။ အာရှပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကလုပ်ဖော်ကိုင်ဖက် မဟာမိတ်နိုင်ငံတစ်ခုဖြစ်ကြောင်းကိုလည်း အလေးထား၍ပြောသည်။

နိုင်ငံတော်အကြီးအကဲက (၇၇)နှစ်ပြည့်မြောက် ကျော်လွန်ခဲ့ပြီဖြစ်သည့် သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိပုံကို ပြောကြားသည်။ မိမိတို့အပေါ် ချစ်ခင်ရင်းနှီးစွာဖြင့် ကြိုဆိုနှုတ်ဆက်မှုအတွက် အလေးအနက်ထား၍ ကျေးဇူးစကားတုံ့ပြန်သည်။

သည့်နောက်တွင် ကုန်သွယ်မှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ အာကာသနှင့် ဂြိုဟ်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများကို တိုးမြှင့်လုပ်ဆောင်သွားရန် ဆက်လက်ဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲက နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ အပြန်အလှန် တိုးတက်လာစေရေးနှင့် ရုရှားနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဖိတ်ခေါ်ဆွေးနွေးသည်။ အခြားသော ဆောင်ရွက်ဖွယ်ရာများဖြစ်သည့် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် အစိုးရအဖွဲ့ အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များနှင့်ပတ်သက်၍လည်း ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ချစ်ကြည်ရေးခရီးစဉ်၏ ဒုတိယနေ့မှာ တွေ့ဆုံဆွေးနွေးပွဲများက အစီအရီနေရာယူလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲမှာ ပန်းတိုင်သို့ချီရာလမ်းဝယ် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများကို မမောမပန်းနိုင် လျှောက်လှမ်းလျက်ရှိသည်။ “မျိုးစေ့မမှန်ပင်မသန်က၊ ဖူးတံငုံကင်း အသီးဖျင်း၏” ဟူသောဆိုရိုးစကားရှိသည်။ ယခုအခါဝယ် မျိုးစေ့မှန်သဖြင့် အပင်သန်ရမည်ဟု အားလုံးက တူညီသောစိတ်ဆန္ဒတို့ဖြင့် မမိုတ်မသုန်ယုံကြည်ကြလျက်ရှိရာ မဝေးတော့သော ကာလတစ်ခုတွင် နိုင်ငံတော်၏နယ်ပယ်ကဏ္ဍအစုံ၌ ပွင့်သောပန်းတို့ လန်းလန်းစွင့်စွင့်ရှိကြပေတော့မည်။

ဒေသစံတော်ချိန် မွန်းလွဲပိုင်းသို့ပင် ရောက်ရှိလာချေပြီ။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် တွေ့ဆုံဆွေးနွေးရန် ရုရှားဖက်ဒရယ်ကောင်စီ လွှတ်တော်သို့ ဆက်လက်ထွက်ခွာသည်။

ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်၍ ဧည့်သည်တော်မှတ်တမ်းစာအုပ်ရှိရာသို့ ခေါ်ဆောင်သည်။ နိုင်ငံတော်အကြီးအကဲက လွှတ်တော်၏ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ အကြီးအကဲနှင့် လွှတ်တော်ဥက္ကဋ္ဌတို့က မိမိတို့အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးပြီး ဖက်ဒရယ်ကောင်စီလွှတ်တော် အစည်းအဝေးခန်းမတွင် တွေ့ဆုံပွဲကို စတင်ကြသည်။

အဓိကအားဖြင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်းဆက်ဆံရေး တိုးတက်ကောင်းမွန်မှုအခြေအနေများ၊ လွှတ်တော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်သွားမည့်အခြေအနေများကို ဆွေးနွေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပချိန်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်မှ လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေနှင့် မြန်မာနိုင်ငံ၌ လွှတ်တော်ပြန်လည်ဖွဲ့စည်းပြီးချိန်တွင် လွှတ်တော်နှစ်ရပ်အကြားဆက်ဆံရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍လည်း အလေးအနက်ထား ဆွေးနွေးနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ဆွေးနွေးပွဲများတစ်လျှောက်လုံးတွင် အကြီးအကဲ၏တည်ကြည်သောစိတ်ဆန္ဒ၊ စွဲမြဲသောသန္နိဋ္ဌာန်စိတ်နှင့် တိုင်းပြည်အပေါ် ထားရှိသောစေတနာတို့ကို အထင်းသားမြင်ရသည်။ ပူးပေါင်းဆောင်ရွက်သွားမည့် နယ်ပယ်များအလိုက် ပြန်လည်ဆွေးနွေးချက်များတွင်လည်း မြန်မာ့အမျိုးသားအကျိုးစီးပွားကိုဦးတည်သည့်ဆွေးနွေးချက်များသာ။ ချစ်ကြည်ရင်းစွဲဖြစ်သည့်ဆက်ဆံရေးကို အရင်းတည်သည်မို့ နှစ်ဖက်ကျေနပ်ဖွယ်ရာ အကြောင်းအရာများကို အပြည့်အဝဆွေးနွေးနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ် ဒုတိယနေ့အတွင်း တွေ့ဆုံဆွေးနွေးမှုများမှာ အမိနိုင်ငံတော်အတွက် သံတမန်ဆက်ဆံရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးအစရှိသည့် နယ်ပယ်ပေါင်းစုံအတွက် ရလဒ်ကောင်းများကို ရယူဆောင်ကြဉ်းပေးသည့် နေ့ရက်တစ်ရက်ဟု ဆိုရပါမည်။

မြန်မာနှင့် ရုရှားဆိုသည်ကား သူ့နိုင်ငံ သူ့အရေးကလည်း ကိုယ့်နိုင်ငံ ကိုယ့်အရေးသဖွယ်ပင်။ တစ်ဖန် ကိုယ့်နိုင်ငံ ကိုယ့်အရေးကိုလည်း သူ့နိုင်ငံ သူ့အရေးသို့ ရှေးရှုစာနာ ထောက်ကူဖေးမခဲ့ကြသည့် မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်းနိုင်ငံများဖြစ်ကြသည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးမှုကို အခြေတည်၍ နိုင်ငံနှင့် ပြည်သူအကျိုးအတွက် တစ်သားတည်းပင် ကြားမထင်ဘဲ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ကြသည်ဖြစ်ရာ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) သို့ မနေးအမြန်ရောက်ရှိတော့မည်ဖြစ်ပါကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မမိုတ်မသုန် ယုံကြည်နေမိပါသည်။ ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Valentina Matviyenko နှင့် မတ် ၄ ရက်က ရုရှားဖက်ဒရယ်ကောင်စီလွှတ်တော်၌ တွေ့ဆုံဆွေးနွေးစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာရေး ရှေးရှုကာ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ပိုမိုမြှင့်တင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ မြန်မာနိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မာသည့် ငြိမ်းချမ်းရေးနှင့် ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံက အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် တိုးမြင့်လာလျက်ရှိသည့် အွန်လိုင်းလောင်းကစားနှင့် လိမ်လည်မှုကွန်ရက်များ ပူးပေါင်းတိုက်ဖျက်ရေးအတွက် နှစ်နိုင်ငံရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**






# ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဝန်ထမ်းသက်သာဆိုင်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၀**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အပ်ကုန်စနစ်ဖြင့် ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန မျက်နှာစာရှိ ဝန်ထမ်းသက်သာဆိုင်ရှေ့၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အဆိုပါ ဝန်ထမ်းသက်သာဆိုင်တွင် အခြေခံစားကုန်ပစ္စည်းများဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်အပါအဝင် လူသုံးကုန်ပစ္စည်းများနှင့် ဥပဒေစာအုပ်များကို ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၊ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**

၂၀၂၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၊ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မဟာသင်္ကြန်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် အတည်ပြုသတ်မှတ်ပြီး ဖြစ်သည့်အတွက် ယခုနှစ်တွင် ကျရောက်မည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နေပြည်တော်တွင် ယခင်နှစ်များထက်ပိုမို၍ ခမ်းခမ်းနားနား ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းထားသည့် ဆပ်ကော်မတီများအလိုက် မိမိတို့ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းအစီအမံများကို ဆပ်ကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုမပျက် ယဉ်ကျေးပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရန် အတွက် မဟာသင်္ကြန်ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ သင်္ကြန်ပွဲတော်အတွင်း အန္တရာယ်ကင်းရှင်းပြီး လုံခြုံရေး လစ်ဟင်းမှု မရှိစေရေးကိုလည်း အလေးထား ဆောင်ရွက်ကြရန်နှင့် ယခင်နှစ်က ကျင်းပခဲ့သည့် အတွေ့အကြုံများအရ အားသာချက်၊ အားနည်းချက်၊ အကြံပြုချက်များကိုလည်း ပြည့်ပြည့်စုံစုံ ဖြည့်စွက်ရှင်းလင်း တင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် လုံခြုံရေး ဆပ်ကော်မတီ၊ အခမ်းအနား ပြင်ဆင်ရေး၊ ရေရရှိရေးနှင့် ရေပက်ကစားရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ယခင်နှစ် မဟာသင်္ကြန်ပွဲတော် ကျင်းပဆောင်ရွက်ခဲ့မှုအပေါ် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ ယခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## PJ နိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်သူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ **PJ နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လက်ဝယ်ရှိနေသူများသည်** အေဂျင်စီအစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိအစီအစဉ် (ကျွမ်းကျင်) ဖြင့်သော်လည်းကောင်း၊ ခွင့်ပြန်လာသဖြင့် ခွင့်ရက်စေ့ကာ ပြန်လိုခြင်းကြောင့်သော်လည်းကောင်း ပြည်ပနိုင်ငံများသို့ ထွက်ခွာမည်ဆိုပါက အလုပ်သမားဝန်ကြီးဌာနသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ Online မှတစ်ဆင့် လျှောက်ထားကာ (လူကိုယ်တိုင်လာရောက်ခြင်းမပြုရန်) ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရမည် ဖြစ်ပါသည်-

(က) အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ လိပ်မူ၍ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ကိုရယူရန် လျှောက်ထားသည့်စာ၊

(ခ) နိုင်ငံကူးလက်မှတ်မိတ္တူ (ဓာတ်ပုံပါစာမျက်နှာနှင့် နေထိုင်ခွင့်သက်တမ်းစာမျက်နှာ)၊

(ဂ) သက်တမ်းရှိနေသည့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ရှေ့/နောက် မိတ္တူ၊

(ဃ) ခွင့်ပြန်အလုပ်သမားများဖြစ်ပါက သက်တမ်းရှိနေသည့် အလုပ်လုပ်ခွင့်ပါမစ် မိတ္တူနှင့် အလုပ်ရှင်မှ ခွင့်ဖြင့်နေရပ်သို့ပြန်ရန် ခွင့်ပြုသည့် ခွင့်စာ၊

(င) အေဂျင်စီများအနေဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သက်ဆိုင်ရာနိုင်ငံအလိုက် လုပ်ငန်းဆောင်ရွက်နေသည့် သက်ဆိုင်ရာ Email များသို့ တင်ပြရန်၊

(စ) မိမိအစီအစဉ်ဖြင့် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တင်ပြရာတွင် သတ်မှတ်အထောက်အထားများနှင့်အတူ migrantdeparture@gmail.comသို့ ပေးပို့လျှောက်ထားရန်၊

(ဆ) အနည်းဆုံး ရုံးပိတ်ရက် (မပါ) ၅ ရက်ကြိုတင်၍ လျှောက်ထားရန်။

၂။ ဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီးနောက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုသည့်စာရင်းများကို Safe Migration Telegram Channel တွင် ကြေညာပေးမည်ဖြစ်ပြီး သက်ဆိုင်ရာလေဆိပ်များသို့လည်း ပေးပို့ထားမည်ဖြစ်ပါသည်။ ဤအသိပေးကြေညာချက်ပါ လုပ်ငန်းစဉ်အား ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (တနင်္လာနေ့)တွင် စတင်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်လိုသူများအား အသိပေးခြင်း

(၁၀ -၃-၂၀၂၅)

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကာလအတွင်း ပြည်ပနိုင်ငံများသို့ အလုပ်လုပ်ရန် ထွက်ခွာမည့်သူများစာရင်းစိစစ်ခြင်း၊ OWIC ကတ်ထုတ်ပေးသောစက်များ၌ တပ်ဆင်ထားသည့် Software များပြုပြင်ခြင်း၊ OWIC ကတ်ထုတ်ပေးရေးစင်တာများ တစ်နေရာတည်းပေါင်းစည်းခြင်း၊ အလုပ်ရှင်/ အလုပ်သမားစာချုပ် ချုပ်ဆိုသည့်နေရာများ တစ်စုတစ်စည်းတည်းဖြစ်အောင် ပြင်ဆင်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် OWIC ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ခေတ္တရပ်ဆိုင်းခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ OWIC ကတ်အသစ် ပြုလုပ်လိုသူများအား ၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက် (ကြာသပတေးနေ့)မှစ၍ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြထားသည့် အတည်ပြုပြီး အလုပ်ခေါ်စာများ (တင်ပြရက်စွဲအစဉ်အလိုက်)အရ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးသူများအားလည်းကောင်း၊ မိမိအစီအစဉ်(ကျွမ်းကျင်)ဖြင့် သွားရောက်မည့်သူများအားလည်းကောင်း စိစစ်ပြီး OWIC ကတ် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း OWIC ကတ် ထုတ်ယူရရှိမှသာ လေယာဉ်လက်မှတ်ဝယ်ယူခြင်းကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် မတ် ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ဦးကိုကိုကျော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ ပြည်ပသို့သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန် ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများကသွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သံတမန်ဝန်ထမ်းတစ်ဦးအတွက် အရေးအကြီးဆုံးတာဝန်သည် နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန်ဖြစ်ကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည် ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်၍ သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် အစဉ်အမြဲကြိုးစားကြရမည် ဖြစ်ကြောင်း။

နိုင်ငံနှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များကို သတ္တိရှိရှိ တာဝန်ထမ်းဆောင်ရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို သိရှိထားရန် လိုအပ်ကြောင်း၊ သံတမန်ကျင့်ဝတ်နှင့်အညီ နေထိုင်ပြီး ပေးအပ်သည့်တာဝန်များကို စိတ်ရင်းစေတနာထား၍ မျှော်မှန်းချက်ရှိရှိ ဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဦးချင်းအလိုက် နေထိုင်ကျင့်ကြံရမည့် အပြုအမူများ၊ ကြိုးစားအားထုတ်မှုများကို ဆင်ခြင်ဉာဏ်သုံး၍ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကို ကြိုတင်လေ့လာသွားရန်လိုအပ်ပြီး သိရှိမှသာ တာဝန်ထမ်းဆောင်မှုတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

သံတမန်ဝန်ထမ်းများ အနေဖြင့် တာဝန် ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေး တိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို အကျိုးစီးပွား ဖြစ်ထွန်းအောင် လုပ်ဆောင်ရန် အရေးကြီးကြောင်း၊ ရောက်ရှိသည့်နိုင်ငံတွင် မြင်တွေ့ရသည့် ဖြစ်ပေါ်တိုးတက်မှုများကို နမူနာယူ၍ အားသာချက်/အားနည်းချက်များကို သင်ခန်းစာယူတတ်ရန်လိုကြောင်း၊ သံတမန်ဖြစ်သည့်အတွက် Communication Skill/ Negotiation Skill ကောင်းမွန်ပြီး ကျွမ်းကျင်မှုရှိရန်လိုကြောင်း။

သံတမန်တစ်ဦး ဖြစ်သည့်အတွက် Capacity Building ကို အစဉ်အမြဲ မြှင့်တင်နေရန်လိုအပ်ပြီး သားသမီးများ၏ ပညာရေးကိုလည်း အားပေးရန် မှာကြားလိုကြောင်း၊ ယနေ့ခေတ် တိုးတက်လာသည့် နည်းပညာရပ်များကို လေ့လာသင်ယူပြီး ထိရောက်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံကို အကောင်းဆုံး ကိုယ်စားပြု (Represent) လုပ်နိုင်သူဖြစ်ရန် ကြိုးစားတာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း လက်တွဲညီညီဖြင့် ပူးပေါင်းဆောင်ရွက်ပြီး အပြန်အလှန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သံတမန်တစ်ဦးအနေဖြင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက် တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက် ကျွမ်းကျင်ရန် ကြိုးစားလေ့လာသင်ယူ စေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၃၃ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက် (၁၀-၃-၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂-၃-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီမှ ၉-၃-၂၀၂၅ ရက်နေ့ ည ၈:၀၀ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၅၄၃၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# နယ်စပ်ရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေး ရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေး ရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**တိုက်တွန်းမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဥပဒေပညာရပ်များကို သိရှိနားလည်မှသာ လူမှုစီးပွားဘဝ မြှင့်တင်ရေး လုပ်ငန်းများကို အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်သည့်အတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်းများကို ရုံးဌာနများနှင့် ကျောင်းများတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်သင်တန်း ကာလအတွင်း လေ့လာသင်ကြားခဲ့ရသည့် ဥပဒေပညာရပ်များကို မိမိတို့ လုပ်ငန်းနယ်ပယ်အတွင်း၌ အကျိုးရှိစွာ အသုံးချကျင့်သုံးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏တည်ငြိမ်အေးချမ်းရေး၊တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်းများကို လေးစားလိုက်နာပြီး ဥပဒေနှင့် ငြိစွန်းနိုင်သည့် ကိစ္စရပ်များကို ရှောင်ရှား၍ လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ ယုံကြည်ချက်ခိုင်မာစွာ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။






ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပဒေရေးရာ ဟောပြောပွဲ၌ သင်တန်းဆင်း ဝန်ထမ်းများက "မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ/ နည်းဥပဒေ" နှင့် "ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ရေး အက်ဥပဒေ" တို့ကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက "အွန်လိုင်းအသုံးပြု လိမ်လည်မှု( Cyber Scam)နှင့် လောင်းကစားမှု (Online Gambling) များ တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာ" တို့ကို လည်းကောင်း ဆွေးနွေး ပြောကြားမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းဆင်း ဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂) သင်တန်းကို မတ် ၃ ရက်တွင် သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ရက်သတ္တ တစ်ပတ်ကြာ စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ရုံးလုပ်ငန်းလက်စွဲ၊ ခရီးစရိတ်လက်စွဲဥပဒေ/ နည်းဥပဒေ၊ ပြည်သူပိုင်ပစ္စည်းများအား ကာကွယ်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်သိကောင်းစရာများ အစရှိသည့် ဘာသာရပ်များကို ဥပဒေရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားခဲ့သည့် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများသို့ တက်ရောက်ပြီးသည့် အရာထမ်း၊ အမှုထမ်းများ ပေါင်းစပ်စုဖွဲ့၍ စနစ်တကျ လေ့ကျင့်သင်ကြား ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် မတ် ၁၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တွင်ပြုလုပ်သော အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာအုပ်များကို ရှမ်းပြည်နယ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)က ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူခဲ့သည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ကြီးမြို့ ရွှေတော်ရပ်ကွက် ဝံသာနုရက္ခိတအသင်း ဝံသာနုသီတဂူဓမ္မစကူးလ်ဌာနမှ ကလေးငယ်များက (၃၈)ဖြာမင်္ဂလာသီချင်း၊ လူချွန်/လူကောင်းသီချင်းနှင့် သွေးချင်းတို့မြေသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။ အဆိုပါ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား ကျောင်းသူ ၂၇၁ ဦးဖြင့် မတ် ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်း ဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါယဉ်ကျေးလိမ္မာသင်တန်းကို ကျောင်းသား ကျောင်းသူ ၇၃ ဦးဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို ကျောင်းသား ကျောင်းသူ ၃၉ ဦး ဖြင့်လည်းကောင်း ဧပြီ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် ရွှေမြို့မွေးမြူရေးဇုန်နှင့် မွေးမြူရေးဇုန်၏ ရေလိုအပ်ချက် ဖြည့်ဆည်း ပေးနိုင်ရေးအတွက် တည်ဆောက်ထားရှိသည့် အလျား ပေ ၃၃၀ ၊ အမြင့် ၃၆ ပေရှိ ရေလှောင်တမံ၏ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေစုပ်ပန့်ဖြင့် ရေယူသုံးစွဲနေမှုနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကာကီကင်း ဥစားဘဲဥဖောက်စက်၌ ဘဲသားဖောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီ ပြီးစီးရေးနှင့် ရေထိန်းတမံ၏ကြံ့ခိုင်မှုအရည်အသွေးပြည့်မီရေး ဂရုပြု ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။ ကင်းသာရေထိန်းတမံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအရ ရေစတင်သိုလှောင်ထားရှိပြီး နွေစပါး ဧက ၇၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့ထိ နွေစပါး ၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး မိုးသီးနှံရာသီတွင် မိုးစပါးဧက ၅၂၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကင်းသာကျေးရွာ အနီးရှိ ကင်းသာချောင်း ယာယီ ရေလွှဲတန်း ရေသွင်းမြောင်းမှ ဆိုလာရေတင်စနစ်ဖြင့် သီးနှံများ စံပြစိုက်ပျိုးပြီး အခြားတောင်သူများ လိုက်ပါစိုက်ပျိုးနိုင်ရေး အသိပညာပေး လုပ်ဆောင်နေမှုကို လည်းကောင်း၊ မုန်ရေထိန်းတမံမှ ၂၀၂၄-၂၀၂၅ နွေသီးနှံရာသီတွင် နွေစပါး၊ နွေအခြားသီးနှံ လျာထားစိုက်ပျိုးမည့် အခြေအနေများနှင့် မြောင်းအလိုက် ရေလှည့်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ကန်ကြီးမွေးမြူရေးဇုန်ရှိ ဖန်ဟွန်နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိပြီး နို့စားနွား မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းများ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေးတိရစ္ဆာန် အစာဖူလုံမှုရှိစေရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို အကြံပြုဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် ညောင်တုန်းအိုင် ကျေးရွာအုပ်စု ရေအေးနည်းပညာ ပြန့်ပွားရေးစင်တာတွင် စိုက်ပျိုးရေးပညာရှင်များ၊ ဒေသခံတောင်သူများအား တွေ့ဆုံ၍ စိုက်ပျိုးနည်းပညာပေးခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ ဆင်သေရေလှောင်တမံ ဆည်ရေသောက် စနစ်အတွင်း နွေစပါးနှင့် နွေအခြားသီးနှံများ စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်ရေး၊ သဘာဝမြေဩဇာ သုံးစွဲနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီးဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကွင်းဆင်းစစ်ဆေး

နေပြည်တော် မတ် ၁၀

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာသို့ သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ လယ်ယာဂုဏ်ဆောင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံပြီး သမဝါယမအသင်းမှ စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများမှ ထွက်ရှိလာသော နေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များမှ ပွဲစားမလိုဘဲ ဒေသပေါက်ဈေးနှုန်းဖြင့် တိုက်ရိုက်ဝယ်ယူကြိတ်ခွဲပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေးအတွက် တစ်ဦးချင်းဆောင်ရွက်ခြင်းမပြုဘဲ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်လိုသူများ၊ လုပ်ငန်းအမျိုးအစားတူညီသူများ၊ စိတ်တူကိုယ်တူဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းများ စုဖွဲ့လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ စုပေါင်းဆောင်ရွက်ခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များကို အသင်းသားများအကျိုးရှိအောင် ခွဲဝေပေးရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆောင်းနေကြာ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အိမ်ရှင်မဆီစက် လည်ပတ်နေမှုအခြေအနေများကို လည်းကောင်း၊ စမ်းဝတီသဘာဝမြေဩဇာစက်ရုံ လည်ပတ်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထွက်ရှိသော သဘာဝမြေဩဇာများကို ဈေးကွက်ရရှိရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း သမဝါယမအသင်းသား တောင်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ နွေရာသီအရိုးဗစ်သင်တန်း ဖွင့်လှစ်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ နွေရာသီ အရိုးဗစ်သင်တန်းကို တောင်ဥက္ကလာပမြို့နယ်ပဒေသာ အားကစားကွင်းရှိ လေးထပ်ဆောင် ပထမထပ်၌ ဖွင့်လှစ်လျက်ရှိသည်။



ထိုသို့ သင်တန်းဖွင့်လှစ်နေမှုကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မော်မော်သန်း၊ ဥက္ကဋ္ဌ ဒေါ်နုနုဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ယနေ့မွန်းလွဲ ၁ နာရီတွင် သွားရောက်ကြည့်ရှုအားပေးကြပြီး သင်တန်းသူ အမျိုးသမီးများအား ပေါင်မုန့်၊ ကြက်ဥ၊ အအေးနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ လျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းဆင်းပွဲ ကျင်းပ

လှည်းကူး မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသော သင်တန်းသားသုံးဦးအား ဆုချီးမြှင့်ခြင်းနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၁၁ ရက်မှ မတ် ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အမျိုးသမီးများ ချစ်ကြည်ဖလှယ်ရေး ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၀

အမျိုးသမီးများ ချစ်ကြည်ဖလှယ်ရေးဆွေးနွေးပွဲကို မတ် ၆ ရက်က တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ်ခွဲ မန်စီမြို့ အသက်မွေးဝမ်းကျောင်းကောလိပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ မူဆယ်ရုံးခွဲဥက္ကဋ္ဌ ဦးခင်ဦး(ခ) ဦးရှင်ဖူး၊ နာယက ဒေါ်စစ်စိန်နှင့် အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။



ဆွေးနွေးပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူများသည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု အစရှိသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံကာ နှစ်ဖက် အမျိုးသမီးများ၏ အလုပ်အကိုင်အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲ အပြီးတွင် တက်ရောက် လာကြသူများသည် နှစ်ဖက် လက်ဆောင်ပစ္စည်း ပေးအပ်ခြင်း၊ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းတို့ကို ဆောင်ရွက်၍ ချစ်ကြည်ရေး အထိမ်းအမှတ် စကားပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး တယ်ဟုန်း ပြည်နယ်ခွဲပြတိုက်၊ အသက် မွေးဝမ်းကျောင်း ကောလိပ်၊ သူငယ်တန်းကျောင်း၊ အမျိုးသမီးနှင့် ကလေးဆေးရုံ တို့ကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာခိုင်နှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ







# သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်း ဖွင့်ပွဲအခမ်းအနားနှင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၀**

သစ်တောဦးစီးဌာနနှင့် အာရှနှင့် ပစိဖိတ်ဆိုင်ရာ သစ်တောများပြန်လည်ထူထောင်ရေးနှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာကွန်ရက်အဖွဲ့ (APFNet) တို့ပူးပေါင်း၍ "မဲခေါင်ဒေသ(မြန်မာနိုင်ငံ)တွင် သစ်တောဂေဟစနစ်များ ဘက်စုံစီမံအုပ်ချုပ်ခြင်းနှင့် သရုပ်ပြခြင်းစီမံကိန်း" ၏ သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်း ဖွင့်ပွဲအခမ်းအနားနှင့် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာန ရေဆင်း၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်များနယ်မြေ(ရေဆင်း)မှ ပါမောက္ခချုပ်များ၊ APFNet အတွင်းရေးမှူးရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဧရိယာမှ ဒေသခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်မျိုးစုံဥယျာဉ်ပညာပေးပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် APFNet အတွင်းရေးမှူးရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပညာပေးပြခန်းအတွင်း ပြသထားသော သစ်မျိုးစုံဥယျာဉ်ပုံစံငယ်၊ သစ်တောသစ်ပင်များ၏ သစ်မျိုးစေ့ပုံသဏ္ဌာန်များ၊ အရွက်သဏ္ဌာန်များ၊ သစ်မျိုးများ၏ အကာနှင့် အနှစ်သား ကွာခြားမှုပြကွက်များကိုလည်းကောင်း၊ ရေငွေ့ထိန်းခန်းအတွင်း အအေးပိုင်းဒေသ သစ်တောသစ်ပင်၊ အလှပင်၊ သစ်ခွနက်နှင့် ပင်ပျော့ပင် ၇၅ မျိုး ထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ သစ်မျိုးစုံဥယျာဉ်အတွင်း အပင်မျိုးရင်း ၄၀၊ မျိုးစိတ် ၁၃၁ မျိုးကို ဇုန် ရှစ်ဇုန်ဖြင့် ဇုန်အလိုက် မျိုးဆက်ပင်များပြုစုခြင်း၊ ဝါးပင်၊ သစ်တောသစ်ပင်၊ အလှပင်နှင့် အသီးပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက သစ်မျိုးစုံဥယျာဉ်နှင့် စီမံကိန်းဧရိယာကျေးရွာများရှိ သီးနှံသစ်တောရောနှောစိုက်ခင်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သင့်သော အချက်အလက်များနှင့် ရေရှည်တည်တံ့အောင် လုပ်ဆောင်သင့်သော အစီအမံများကို အုပ်စုဖွဲ့ဆွေးနွေးပြီး ရလဒ်များကို ပြန်လည်သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃)သင်တန်းဆင်း

**နေပြည်တော် မတ် ၁၀**

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်း စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စစ်ရေးပြကွင်း(၁)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်းဆင်း အမှာစကားပြောကြားရာတွင် အရာထမ်းလောင်းများအနေဖြင့် သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာဌာနအသီးအသီးတွင် အတည်ပြုအရာထမ်းများအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည်ဖြစ်၍ မိမိကိုယ်တိုင်က အရာရာ စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျလိုက်နာကာ ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်တာများကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာကြပြီး ကောင်းမွန်စွာ စီမံခန့်ခွဲတတ်သည့် တာဝန်ကျေပွန်သော၊ အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်း၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို မတ် ၁၁ ရက်တွင် ရတနာသိင်္ဃဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်က ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာလက်မှတ်များ ပေးအပ်မည်ဖြစ်သည်။ သင်တန်းသို့ သင်တန်းသား ၂၆ ဦး၊ သင်တန်းသူ ၉၅ ဦး စုစုပေါင်း ၁၂၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၁၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နန်းယွန်းမြို့နယ် ရောင်ကွန်- ရှိတ်ညို- ကြူယမ်း- ဝပ်ကကျောက်ခေါ်- ဟရှိတ်နုတ်ညိုလမ်း လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နေပြည်တော် မတ် ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နန်းယွန်းမြို့နယ် ရောင်ကွန်- ရှိတ်ညို- ကြူယမ်း - ဝပ်ကကျောက်ခေါ်- ဟရှိတ်နုတ်ညိုလမ်း ၄၃ မိုင် ၄ ဖာလုံအနက် ၁၀ မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းအား အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်းကြောင့် ကျေးရွာပေါင်း ၁၁ ရွာ၊ အိမ်ခြေ ၁၂၄၉ အိမ်၊ လူဦးရေ ၁၀၀၉၁ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ ရွှေစာရံဘုရားပွဲတော်အတွင်း မီးဘေးလုံခြုံမှုရှိစေရန် မတ် ၉ ရက် မွန်းလွဲပိုင်းက ဘုရားပွဲတော်ဈေးရောင်းချသူများအား မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးလောင်မီးလန့်မှု မဖြစ်ပွားစေရေး စစ်ဆေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၁၀

၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်း၊ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ် အခမ်းအနားကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူအဖွဲ့အစည်းက သတ်မှတ်ပေးသောဆောင်ပုဒ်မှာ "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" (A Just Transition to Sustainable Lifestyles) ဖြစ်ပါကြောင်း၊ အရည်အသွေး ပြည့်မီသော ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ပါကလူနေမှုဘဝ မျှတစွာ အသွင်ကူးပြောင်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်က MSMEs ကဏ္ဍကို အားပေးမြှင့်တင် ဆောင်ရွက်ပေးနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၅ ကို အာဆီယံနိုင်ငံများနှင့်အတူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးအတွက်အသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ကုန်အညွှန်းအမှတ်အသားများ စိစစ်ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ လူနေမှုဘဝရေရှည်တည်တံ့စေရန် စားသုံးသူများအတွက် ပိုမိုကောင်းမွန်သည့်အကာအကွယ်၊ ကျန်းမာသောရွေးချယ်မှု၊ ကောင်းမွန်သော ပတ်ဝန်းကျင်ရရှိစေရန် ဝန်ထမ်းများကသက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စားသုံးသူကာကွယ်ရေးအသိပညာပေး Video Clip ပြသခြင်း၊ ဂုဏ်ပြုသီချင်းတေးသရုပ်ဖော်နှင့် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းသရုပ်ဖော်တို့ကို တင်ဆက်ကပြကြကာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပ



ရန်ကုန် မတ် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကို "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆောင်ပုဒ်နှင့်အညီ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့နှင့် ပတ်သက်သည့် Video Clip ကို ပြသသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ယနေ့သည် စားသုံးသူများ၏ အခွင့်အရေးနှင့် လိုအပ်ချက်များ အကြောင်းကို ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးသည့်နေ့ကို အထိမ်းအမှတ်ပြုသည့် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" ဖြစ်ပါကြောင်း၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာတစ်ခုတည်း ဆောင်ရွက်ခြင်းမဟုတ်ဘဲ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် အားလုံးပူးပေါင်းပါဝင်သွားရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန သမီးပျိုများက အကအလှဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးက တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ပြီး ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးပြခန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးပြခန်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီမှ အတွင်းရေးမှူးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစုစုပိုင်က စားသုံးသူများ သိသင့်သိထိုက်သည့် အကြောင်းအရာများကို လည်းကောင်း၊ Food Science and Technology Association (FOSTA)မှ ဘဏ္ဍာရေးမှူး ဒေါက်တာရီရီမြင့်က စားသုံးသူများ သိသင့်သိထိုက်သည့် အကြောင်းအရာ များကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ဟောပြောဆွေးနွေးသည့် အကြောင်းအရာများထဲမှ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပခြင်းနှင့် ဆုလက်ဆောင်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီမှ အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနား ကျင်းပ



ထားဝယ် မတ် ၁၀

"လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အပြည်ပြည်ဆိုင်ရာစားသုံးသူများအဖွဲ့ (Consumer International)က ဦးဆောင်၍ နှစ်စဉ် မတ် ၁၅ ရက်ရောက်တိုင်း စားသုံးသူများ၏အခွင့်အလမ်းများကို ဂုဏ်ပြုမြှင့်တင်သည့်အနေဖြင့် "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" အခမ်းအနားများကို နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်းတွင် ကျင်းပလျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ် မတ် ၁၅ ရက်ရောက်တိုင်း "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ "(World Consumer Rights Day) ကို ဦးဆောင်ကျင်းပဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် (၁၀)ကြိမ်မြောက်ရောက်ရှိပြီးဖြစ်ကြောင်း၊ စားသုံးသူများအတွက် ကုန်စည်အခြေခံလိုအပ်ချက်များအပေါ် သို့မဟုတ် ဝန်ဆောင်မှုများ၏ စိတ်ကျေနပ်မှုရရှိစေရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုခွင့်ရရှိရန်၊ လိုအပ်သောသတင်းအချက်အလက် ပြည့်စုံမှန်ကန်စွာရရှိစေရန်၊ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ခွင့်ရှိရန်၊ နစ်နာဆုံးရှုံးမှုများရှိပါက ရှင်းလင်းတင်ပြခွင့်နှင့် တိုင်ကြားခွင့်ရရှိရန်၊ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ကုစားခွင့်ရရှိစေရန်၊ အသိပညာဗဟုသုတအခွင့်အရေးများနှင့် လိုအပ်သောအချက်အလက်များကို သိရှိလေ့လာခွင့်ရရှိစေရန် အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် ရေရှည်တည်တံ့သော လူနေမှုဘဝများ မျှတအသွင်ကူးပြောင်းနိုင်ရေးတို့အတွက် အစိုးရအဖွဲ့ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" ဆောင်ပုဒ်အတိုင်း ပူးပေါင်းဝိုင်းဝန်းကြိုးစားလိုက်နာဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်"ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့" အထိမ်းအမှတ် Video Clip များပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် သထုံမြို့မှပဲခူးမြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၉၇၁ တန်၊ သစ်မာ ၅ ဒသမ ၉၃၀ တန်၊ အခြားသစ် ၃ ဒသမ ၉၃၀ တန် (ခန့်မှန်းတန်ဖိုးငွေ ၈၈၉၁၈၈၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေ ၅၇၄၁၁၈၈၆ ကျပ်)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၃၄၀၀၀၀)ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ်၊ မုံရွာမြို့နယ်နှင့်ကလေးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၁၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၀၀၀၀) စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၇၄၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း နောင်နွန်းကျေးရွာအနီး လမ်းဘေးတစ်နေရာ၌စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

မတ် ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၇၁၅၁၈၈၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမရပူရနှင့် ကလောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၅ ရက် နံနက် ၈ နာရီတွင် အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအနီးတွင် ထွန်းထွန်းဇော်(ခ)ထူးငယ် မောင်းနှင်ပြီး မင်းဆန်းမြင့်ထွန်း(ခ) ကိုမင်း လိုက်ပါလာသည့် Nissan Diesel အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၃ ဒသမ ၉၉ ကီလို(တစ်ကီလိုလျှင် သိန်း ၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၉၉၇ ဒသမ ၅ သိန်း)ကိုလည်းကောင်း၊ မတ် ၉ ရက် နံနက် ၁၀ နာရီတွင် ကလောမြို့ ရပ်ကွက်(၃) ကလော-မြင်းတိုက်သွားကားလမ်းတွင် အောင်ကျော်(ခ)ထွန်းနိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၅၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **ရဲပြန်ကြား**



ထွန်းထွန်းဇော်(ခ)ထူးငယ်နှင့် မင်းဆန်းမြင့်ထွန်း(ခ)ကိုမင်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**● MFF ယူ-၁၉ မှ**

Pacific Sun Far အသင်းက Maryar အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ရှုံးပွဲကြုံတွေ့သည့် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Maryar အသင်းတို့ ပြန်လည်ကစားရာ ရွှေပြည်သာယူနိုက်တက်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်သည်။ ယင်းပွဲတွင် အရေးနိမ့်ခဲ့သည့် Maryar အသင်းသည် Gold Dream အသင်းနှင့် ခြေစစ်ပွဲအောင်မြင်ခွင့် လက်ကျန်တစ်နေရာအတွက် အဆုံးအဖြတ်ပွဲကစားရာ Maryar အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ထို့ကြောင့် တစ်ရက်တည်းအပြီးကျင်းပသည့် ခြေစစ်ပွဲအပြီးတွင် SGF အသင်း၊ Pacific Sun Far အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Maryar အသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်တွင် စတင်ကျင်းပမည့် MFF ယူ-၁၉ လူငယ်လိဂ်ပြိုင်ပွဲနှင့် ယူ-၁၆ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲခြင်းကို မတ် ၁၁ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

**❁ ကျောဖုံးမှ**

MIU အသင်းသည် YCDC Marga အသင်းကို ဂိုးပြတ်အနိုင်ယူပြီး လက်ကျန်နှစ်ပွဲအလိုတွင် ဒုတိယနေရာမှ MH Dream Team အသင်းကို ကိုးမှတ်ဖြတ်နိုင်ခဲ့သဖြင့် စောစီးစွာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။ MIU အသင်းသည် နှစ်ရာသီဆက်တိုက် အောင်မြင်မှုနှင့်ဝေးကွာနေမှုကို ယခုရာသီတွင် အဆုံးသတ်နိုင်ခဲ့ပြီး ချန်ပီယံဆု တစ်ကျော့ပြန်ရယူနိုင်ခဲ့သည်။ ပွဲစဉ် (၁၆) တွင် VUC အသင်းက ဖူဆယ်ချစ်သူအသင်းကို ငါးဂိုး-လေးဂိုး၊ MH Dream Team အသင်းက Winner Soccer အသင်းကို လေးဂိုး-သုံးဂိုး၊ Generations အသင်းက M2K အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ MIU အသင်းက YCDC Marga အသင်းကို လေးဂိုးပြတ်၊ YRG အသင်းက SGF အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၆) အပြီးတွင် MIU အသင်းက ရမှတ် ၄၇ မှတ်ဖြင့် ပထမ၊ MH Dream Team အသင်းက ၃၈ မှတ်ဖြင့် ဒုတိယဆုရရှိခဲ့ပြီး ယင်းနှစ်သင်းနောက်တွင် VUC အသင်းနှင့် YRG အသင်းတို့က ၂၇ မှတ်စီ၊ Generations အသင်းနှင့် M2K အသင်းတို့က ၂၂ မှတ်စီ၊ Winner Soccer အသင်းက ၁၆ မှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ၁၁ မှတ်စီ၊ SGF အသင်းက ခုနစ်မှတ်ရရှိထားသည်။ **သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MIU FC**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၃-၂၀၂၅ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ဒါ့ခွးဆီကလက်ခတ်သံ
- ၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၁:၃၅ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတားလာ' (အပိုင်း-၆၃)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Weekly MNL Review
- ၁၅:၂၅ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သိကောင်းစရာများ (ဓီဝဗေဒဘာသာရပ်)
- ၁၆:၄၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၅ ဒါနေ့ဆန်းစတပေါင်းလ
- ၁၈:၃၅ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝဝ်းသူများ' (အပိုင်း-၂၅)
- ၂၂:၂၀ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:02 Evergreen Classic: Myitta Phyan Mha Lenn Senn Mal
- 07:09 Shwedagon Buddha Museum
- 07:42 The Banjoist
- 07:30 Commercial Farming to GDP Growth, Pomelo Grower
- 09:01 Topical Science Topics: Beauty of Marine Life
- 09:25 Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
- 09:36 Let's Taste Delicious Insects: Silkworm Masala & Peppery Cricket Bread with Sunflower and Pumpkin Seeds

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက (ကရင်)
- ၀၆:၄၅ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကစားကွက်' (အပိုင်း-၁၂)
- ၀၇:၄၅ စတီရီယိုတေးများ
- ၀၈:၁၅ K POP Music Gallery (အပိုင်း-၇)
- ၀၈:၃၀ ဟိုတုန်းကရေဒီယိုဇာတ်လမ်းများ 'အများကြီးပေတဲ့ သားသမီးတော'
- ၀၉:၀၀ နိုင်ငံခြားသံစဉ်တေးများ
- ၀၉:၁၀ ကာတွန်းအစီအစဉ် 'ဖြူစင်စိတ်လှ' (အပိုင်း-၁၈)
- ၀၉:၄၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) 'စိတ်ရိုင်းကြွမှာ'

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဇိသားစုအခေါ်အဝေါ်များ

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရှုမြင်စချင်ကော်ယော်(မိုန)တို့ရဲ့ဝလေ့အသွင်

**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ထိန်းသိမ်းစဉ်လာရိုးရာလက်မှုပညာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
စိတ်ဝင်စားဖွယ်ရာများရှိရာ မြေကျွန်းသို့

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အားမနာနဲ့ စားဒါအကုန်ဘဲ

**ချင်း(လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း(ဇိုမီး) (၁၄:၀၀ မှ ၁၅:၀၀)**
ချောင်းသွားငါးဖမ်းခြင်း

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းခေါက်ဆွဲချက်နည်း

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့(အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၀:၄၅ အသိပညာနှင့်အမှန်တရား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:၄၅ နိုင်ငံတကာစီးပွားရေးသတင်း
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငရအဆုံးကုန်းတစ်ဝက်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကျူမှူနိုင်ငံ'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၁)

**MRTV FARMERS' HD CHANNEL**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ကျန်းမာရေးနှင့်ကိုက်ညီစားသုံးဆီ နေကြာဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Planet.Earth.II.6of6.Cities
- ၁၉:၄၀ The Planet
- ၂၀:၀၀ ကိုကိုလေကမ်း(ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD CHANNEL**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၄၀ အားကစားလောကထဲက သူတို့အကြောင်း
- ၁၇:၀၀ အားကစားသတင်း
- ၂၂:၀၀ Basketball Grandslan Junior League Ep (1+2)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက်ပညာသင်ကြားရန် ဆောင်ရွက်ခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၀

အကြမ်းဖက်အုပ်စု အဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ၎င်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်အစိုးရ၏ ပညာရေးစနစ်ကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် NUG အဖွဲ့လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ် (အတု)များပြုလုပ်ကာ ပြည်ပတက္ကသိုလ်များတွင် ပညာသင်ကြားနိုင်သည်ဟု မက်လုံးများပေး၍ လိမ်လည်ဆောင်ရွက်လျက် ရှိကြောင်း၊ ၎င်းတို့အပေါ် ယုံကြည်ခဲ့သည့် ကျောင်းသား ကျောင်းသူများသည် ပြည်ပတက္ကသိုလ်များ၌ ပညာသင်ကြားရန် လျှောက်ထားရာတွင် စာရွက်စာတမ်းများ၊ ဘွဲ့လက်မှတ်များမှာ တရားဝင်မှုမရှိသောကြောင့် သက်ဆိုင်ရာတက္ကသိုလ်များက လက်မခံသည့်အတွက် ကျောင်းတက်ရောက်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကေဇင်ထွန်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆေးတက္ကသိုလ်(မန္တလေး)၌ ပညာသင်ကြားခဲ့ပြီး ကလေးဆေးရုံကြီး(မန္တလေး)နှင့် မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီးတို့တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)မှ ဆေးပညာ ဘွဲ့လက်မှတ်ရရှိခဲ့ပြီး ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ခြင်းမရှိဘဲ ပြည်ပသို့ တရားမဝင် ထွက်ခွာသွားခဲ့ပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး) ယာယီတက္ကသိုလ် ကောင်စီနာယက သစ္စာမဲ့ဝန်ထမ်း (Disloyal Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင် (ဆေးတက္ကသိုလ် - မန္တလေး၊ ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)က တရားမဝင်ထုတ်ပေးခဲ့သည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြင့် ဒူဘိုင်းမြို့တွင် ဆက်လက် ပညာသင်ကြားရန်အတွက် တရားမဝင်လျှောက်ထားခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် မတ် ၄ ရက်တွင် ဒူဘိုင်းမြို့ရှိ The Data flow Group Company မှ ကေဇင်ထွန်း၏ ပညာ ဆက်လက်သင်ကြားရန် လျှောက်ထားမှုနှင့် ပတ်သက်၍ သံသယရှိသဖြင့် ယာယီဆေးပညာဘွဲ့လက်မှတ်အား အတည်ပြုပေးနိုင်ရန် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ် (မန္တလေး) သို့ အကြောင်းကြားလာခဲ့ရာ အဆိုပါ ယာယီ ဆေးပညာဘွဲ့လက်မှတ်အား တာဝန်ရှိသူများက စိစစ်ခဲ့ရာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ထုတ်ပေးသည့် ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ဖြစ်ကြောင်း သိရှိရသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်လက်သတင်းပို့တင်ပြခဲ့သည်။

စာမျက်နှာ ၁၇ သို့

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင်ဆေးတက္ကသိုလ်(မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်အတုအား Notary(သက်သေခံချက်)ပြုလုပ်ပေးခဲ့သည့် တရားခံများဖမ်းဆီးရမိမှု






သစ္စာမဲ့ဝန်ထမ်း (Disloyal Civil Servant-DCS) ဖြစ်သူ ခင်မောင်လွင်(ဆေးတက္ကသိုလ် -မန္တလေး၊ ပါမောက္ခချုပ်အဖြစ်မှ ထုတ်ပယ်ခံထားရသူ)



ယာယီဆေးပညာဘွဲ့ လက်မှတ်အတု ပြုလုပ်ခဲ့သူ ကေဇင်ထွန်း



ရွှေပြည်အောင် Notary ဆိုင် ပိုင်ရှင် ရှေ့နေ လှဝင်း



အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာ



Angel Online Notary Service လုပ်ကိုင်သူ အိလှဲ့လှဲ့ထွန်း



လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွင်(ခ) လပြည့်



Notary ဌာနစိတ်(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် နိုင်နိုင်လတ်



Notary ဌာနစိတ်(ရန်ကုန်)မှ ရုံးအုပ် မောင်မောင်ချစ်စန်းဦး

❍ စာမျက်နှာ ၁၆ မှ

ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်( အတု)ပြုလုပ်ပေးခဲ့မှုနှင့်ပတ်သက်၍ စိစစ်ရန်အတွက် ၂၀၂၅ ခုနှစ် မတ် ၅ ရက်တွင် ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတား မြို့နယ်ရှိ ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင် ရှေ့နေ လှဝင်း၊ လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင် ဇာနည်လွင် (ခ)လပြည့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးတို့ သုံးဦးကိုလည်းကောင်း၊ မတ် ၆ ရက်တွင် Notary ဌာနစိတ် (ရန်ကုန်)မှ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦး၊ ကျောက်တံတားမြို့နယ်ရှိ အောင် Notary ဆိုင်ပိုင်ရှင် အေးသီတာနှင့် ဆိပ်ကြီးခနောင်တို မြို့နယ်ရှိ Angel Online Notary Service လုပ်ကိုင်သူ အိလဲ့လဲ့ထွန်းတို့ လေးဦးကို လည်းကောင်း ထိန်းသိမ်းဆောင်ရွက်ခဲ့ပါသည်။

၎င်းတို့ကို စိစစ်ရရှိချက်များအရ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ကေဇင်ထွန်းက အိလဲ့လဲ့ထွန်း (Angel Online Notary Service) ကိုဆက်သွယ်၍ ၎င်း၏အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)မှ ယာယီဆေးပညာဘွဲ့လက်မှတ်(အတု)ကို Notary (သက်သေခံချက်)ပြုလုပ်ပေးရန် ငွေကြေးပေး၍ စေခိုင်းခဲ့ရာ အိလဲ့လဲ့ထွန်းက ကေဇင်ထွန်း၏ ဘွဲ့လက်မှတ်(အတု)ကို Notary (သက်သေခံချက်) ပြုလုပ်ရန်နှင့် Notary ဌာနစိတ် (ရန်ကုန်)မှ ထပ်ဆင့်လက်မှတ်ရရှိရန် ဇာနည်လွင် (ခ) လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)ကို ငွေကြေးပေး၍ ထပ်မံစေခိုင်းခဲ့ကြောင်း၊ ဇာနည်လွင်(ခ)လပြည့်သည် ၎င်း Notary (သက်သေခံချက်)(အတု) ကို ရှေ့နေ လှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်) ထံသို့ ငွေကြေးပေး၍ ရှေ့နေလက်မှတ်ရေးထိုးစေခဲ့ပြီး အေးသီတာ (အောင် Notary ဆိုင်ပိုင်ရှင်)နှင့် ချိတ်ဆက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထပ်ဆင့်လက်မှတ်ရရှိနိုင်ရန် ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း၊ အေးသီတာသည် ၎င်း Notary(သက်သေခံချက်)(အတု) ကို နိုင်ငံခြားရေးဝန်ကြီးဌာန နိုတြီဌာနစိတ် (ရန်ကုန်)တွင် လက်မှတ်ရေးထိုးနိုင်ရန် ပွဲစား ခိုင်ခိုင် (ထွက်ပြေးတိမ်းရှောင်) ကို ငွေကြေးပေး၍ စေခိုင်းခဲ့ကြောင်း သိရှိရသည်။

ပွဲစား ခိုင်ခိုင် (ထွက်ပြေးတိမ်းရှောင်)သည် ကေဇင်ထွန်း၏ Notary(သက်သေခံချက်)(အတု) ကို Notary ဌာနစိတ် (ရန်ကုန်) မှ ထပ်ဆင့်လက်မှတ်ရရှိရန် ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့ကို ငွေကြေးပေး၍ ဆောင်ရွက်စေခဲ့ကြောင်း၊ ရုံးအုပ် မောင်မောင်ချစ်စန်းဦးနှင့် ရုံးအုပ် နိုင်နိုင်လတ်တို့က Notary(သက်သေခံချက်)(အတု) ကို ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးထံသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုးက ငွေကြေးရယူ၍ ၎င်း Notary (သက်သေခံချက်) (အတု) ကို လက်မှတ်ရေးထိုးပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။


Republic of the Union of Myanmar
National Unity Government
Ministry of Education
Interim University Council
University of Medicine, Mandalay

TRANSLATION

This is to certify that Kay Zin Tun, son/daughter of U Tin Tun + Daw Kyu Kyu Mar has been admitted to the Degree of Bachelor of Medicine and Bachelor of Surgery of this University in February, 2020

Registrar, University of Medicine, Mandalay
Professor Khin Maung Lwin, Patron, University of Medicine, Mandalay

U HLA WIN
ADVOCATE & NOTARY PUBLIC
REPUBLIC OF THE UNION OF MYANMAR

This is to certify that the above-mentioned seal and signature of U Hla Win Notary Public Myanmar is real and authentic. The Ministry of Foreign Affairs however assumes no responsibility for the contents of the certificate.

Aung Kyaw Moe
Deputy Director

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)က ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ ယာယီဆေးပညာဘွဲ့လက်မှတ်အတုကို Notary (သက်သေခံချက်) ပြုလုပ်ထားရှိမှု။


ဆေးတက္ကသိုလ်-မန္တလေး
ဆေးပညာဘွဲ့

ဆေးတက္ကသိုလ်(မန္တလေး)မှ ရရှိခဲ့သည့် ကေဇင်ထွန်း၏ ဆေးပညာဘွဲ့လက်မှတ်။


Republic of the Union of Myanmar
Ministry of Education, National Unity Government
Department of Human Resource for Health
Interim Council of University of Medicine, Mandalay
Mandalay, Myanmar
MBBS RECORD

1. Name – Kay Zin Tun
2. Date of Admission – December 2011 Date of Leaving – December 2019
3. Date of Passing the M.B., B.S Degree Examination – 30-11-2018 (R/N –13883)

Registrar
(Prof. Khin Maung Lwin)
Patron
University of Medicine, Mandalay

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG အဖွဲ့လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး)က ထုတ်ပေးထားသည့် ကေဇင်ထွန်း၏ အမှတ်စာရင်းအတု။



ရှေ့နေ လှဝင်း၏ Notary (သက်သေခံချက်)ပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် မှတ်ပုံတင်စာအုပ်နှင့် တံဆိပ်တုံးများကို တွေ့ရစဉ်။

သို့ဖြစ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့ လက်အောက်ခံ တရားမဝင် ဆေးတက္ကသိုလ် (မန္တလေး) ယာယီ တက္ကသိုလ်ကောင်စီက ထုတ်ပေးခဲ့သည့် တရားမဝင် ယာယီ ဆေးပညာဘွဲ့လက်မှတ်အတုဖြင့် UAE နိုင်ငံ ဒူဘိုင်းမြို့တွင် ဆက်လက် ပညာသင်ကြားရန် လျှောက်ထားသည့် ကေဇင်ထွန်းအား Black List (အမည်မည်းစာရင်း) ရေးသွင်း၍ ဖော်ထုတ်ဖမ်းဆီးကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကေဇင်ထွန်း၏ ယာယီ ဆေးပညာဘွဲ့လက်မှတ်(အတု)ကို Notary(သက်သေခံချက်)ပြုလုပ်ပေးခဲ့သူများဖြစ်ကြသော အိလဲ့လဲ့ထွန်း (Angel Online Notary Service)၊ ဇာနည်လွင်(ခ)လပြည့် (လပြည့်ဝန်း Notary ဆိုင်ပိုင်ရှင်)၊ ရှေ့နေလှဝင်း (ရွှေပြည်အောင် Notary ဆိုင်ပိုင်ရှင်)နှင့် အေးသီတာ(အောင် Notary ဆိုင်ပိုင်ရှင်)တို့ လေးဦးကိုလည်းကောင်း၊ ၎င်းဘွဲ့လက်မှတ် (အတု)ကို ထပ်ဆင့်လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန Notary ဌာနစိတ် (ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး အောင်ကျော်မိုး၊ ရုံးအုပ်များဖြစ်ကြသော နိုင်နိုင်လတ်နှင့် မောင်မောင်ချစ်စန်းဦးတို့ သုံးဦးကိုလည်းကောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ပွဲစား ခိုင်ခိုင်ကိုလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မိဘပြည်သူများ အနေဖြင့်လည်း မိမိတို့၏ သား သမီးများအား နိုင်ငံတော်အစိုးရက ဖွင့်လှစ်ထားသောတက္ကသိုလ်များတွင်သာ တက်ရောက် ပညာသင်ကြားစေရေး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်၊ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG အဖွဲ့က တရားမဝင် ဖွင့်လှစ်ထားသည့် တက္ကသိုလ်အပါအဝင် ပညာရေးကျောင်းများတွင် စာသင်ကြားမှုများ မပြုလုပ်ရန်၊ ၎င်းတရားမဝင် တက္ကသိုလ်များ၊ ပညာရေးကျောင်းများ၊ အွန်လိုင်းပညာရေးစနစ်များနှင့်ပတ်သက်၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ ဆက်သွယ် သတင်းပေးပို့စေလိုကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး မတ် ၁၀**

မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည့်ဖြိုးအောင် ရောင်းဝယ်ရေး သမဝါယမ အသင်းသားများ ဆောင်ရွက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများဖြစ်သည့် ပဲကြော်၊ ပဲလှော်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း သမဝါယမဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နယ်ပယ်အလိုက် လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး၊ သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ (အထက) စာစစ်ဌာနနှင့် ကုန်းဇောင်းကျေးရွာ(အထက)စာစစ်ဌာနတို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးဘေးလုံခြုံရေး အကြံပြုစစ်ဆေးခြင်းကို မတ် ၉ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "HUGE Oak" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကင်းပိုင်ခြံကျေးရွာနေ ဝင်းဇော်ထွန်း(ခ)ဦးသာဦး(ခ) ကျောင်းဆရာအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် အင်းတကော်နယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အောင်လံမြို့၌ မြို့နယ်သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

အောင်လံ မတ် ၁၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးသည် ယမန်နေ့က အောင်လံမြို့နယ် စက်ရုံရပ်ကွက်မှ အသင်းစုပိုင် မြေနေရာသို့ သွားရောက်၍ ဆီကြိတ်ခွဲရေးလုပ်ငန်း၊ ပဲခွဲစက်နှင့် ရာသီအလိုက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။



ထို့နောက် ဆီကြိတ်ခွဲရေးလုပ်ငန်း၊ ပဲခွဲစက်နှင့်ရာသီအလိုက် သီးနှံစိုက်ပျိုးရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှ ဦးစီးအရာရှိ၊ မြို့နယ်အသင်းစု ဥက္ကဋ္ဌတို့အား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက ဒုရင်ဗိုလ်ကျေးရွာ ရွာထောင်မျိုးစေ့ထုတ် သမဝါယမအသင်းဥက္ကဋ္ဌနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမှုဆောင်များနှင့် တွေ့ဆုံကာ စပါးကြိတ်ခွဲစက်၊ စပါးအခြောက်ခံ စက်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုကို ဦးစီးဌာနသို့ ဆက်လက်တင်ပြသွားရန် မှာကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ နံ့ဇူပင်ကျေးရွာရှိ နှမ်းစပါးစိုက်ပျိုးသူအသင်းသား တောင်သူများနှင့် တွေ့ဆုံကာ အသင်းသားများ၏ လိုအပ်ချက်များကို သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

## လပွတ္တာမြို့၌ ဒုတိယအကြိမ် Big Catch-Up အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

လပွတ္တာ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၈ ရက် နံနက် ၉ နာရီက Big Catch-Up အမီလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့်အဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သီတာအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက အသက်တစ်နှစ်မှ ငါးနှစ်အောက်ကလေးများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး(အစက်ချဆေး)၊ ပိုလီယိုကာကွယ်ဆေး(ထိုးဆေး)၊ ဝက်သက် ဂျိုက်သိုး ကာကွယ်ဆေးများ ဒုတိယအကြိမ်တိုက်ကျွေးခြင်း၊ ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကျောက်တန်းမြို့နယ်၌ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကျောက်တန်း မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံပင်ကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လင်းသန်းနှင့် တာဝန်ရှိသူများသည် ကြံပင်ကျေးရွာကုန်ထုတ်လမ်းအရှည် တစ်မိုင် ၄ ဒသမ ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒ ကိုးလက်မ ဂဝံကျောက်ခင်းခြင်း၊ အလျား ၁၂ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၀ ပေ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ညွှန်ကြားရေးမှူးက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

အဆိုပါကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၅၄ ဒသမ ၇၆ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန် ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဖြိုးကျော်(ပုံတောင်မြေ)

★ ဂျူဗင်တပ်အသင်းမှ

အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေ ပွဲစဉ် (၂၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၅၈ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၃) နေရာကို တက်လှမ်းခွင့် ရရှိခဲ့တာဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းကတော့ အတ္တလန္တာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၅၂ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၄) နေရာမှာ ရပ်နေတာဖြစ်ပါတယ်။

မတ် ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော အီတလီစီးရီးအေ ပွဲစဉ်တွေမှာတော့ အင်တာမီလန်အသင်းက မွန်ဇာအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဘိုလော့ဂ်နာအသင်းက ဗီရိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ နာပိုလီအသင်းက ဖီအိုရင်တီးနားအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရိုးမားအသင်းက အမ်ပိုလီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ရန်ကင်းမြို့နယ် လူထုအခြေပြုဗဟိုဌာနတွင် အခြေခံကာတွန်းရေးဆွဲနည်းသင်တန်း(အခမဲ့)ဖွင့်လှစ်

ရန်ကင်း မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးတက်ပွားများစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးပြုနိုင်စေရန် ရည်ရွယ်၍ အခြေခံကာတွန်းရေးဆွဲနည်း အခမဲ့သင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်သည်။



သင်တန်းတွင် သင်တန်းဆရာ မောင်မြတ်နိုး (ရန်ကင်း) က ကာတွန်းပုံရေးဆွဲသည့် မျဉ်းကွေး၊ မျဉ်းဖြောင့်၊ မတ်မျဉ်း၊ စက်ဝိုင်းပုံ၊ တြိဂံပုံ စသည်တို့ဖြင့် အခြေခံတည်ဆောက်ရေးဆွဲမည့် အကြောင်းအရာများနှင့်ပတ်သက်၍ စာတွေ့လက်တွေ့ ပို့ချသင်ကြားခဲ့သည်။

ကာတွန်းရေးဆွဲနည်းအခြေခံသင်တန်းသို့ ရန်ကင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀ တက်ရောက်သင်ယူခဲ့ကြပြီး သင်တန်းကာလကို မတ် ၁၀ ရက်မှ ၁၆ ရက်အထိ နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



## လေးမျက်နှာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများအား မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

လေးမျက်နှာ မတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲနောင်ဝင်း စီမံဆောင်ရွက်မှုဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးအဆောက်အအုံများအား မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများပူးပေါင်းကာ ယနေ့နံနက်ပိုင်းက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးထက်ဝေဦးနှင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးပူးပေါင်းအဖွဲ့များနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်ခြင်း၊ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးမှာကြားခြင်းတို့ ဆောင်ရွက်ပြီး ရုံးအတွင်း၌ လျှပ်စစ်သွယ်တန်းသုံးစွဲမှု အခြေအနေများ၊ မီးသုံးစွဲမှုအခြေအနေများ၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများ စစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရောဦးသာ

**Royal Sayarsan ( High Rise Building) Condominium အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်၍ တိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်ခင်ငွေး (ကျုံမငေး)(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၈၉၈)၊ ဦးအင်ပို့(တရားလွှတ်တော်ရှေ့နေ) (စဉ်-၆၇၁၅)၊ ဒေါ်စန်းငွေး(တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၅၄)၊ ဒေါ်ဥမ္မာဆွေ(တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၈၄၁)၊ ဒေါ်စန္ဒာမြင့် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၆၁၄)၊ ဦးစိုးမင်းအောင်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၈၄၃၉)၊ ဒေါ်နွေးထွေးလှိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၄၉၅)၊ ဦးစံတင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၃၅၀၀)၊ ဒေါ်အေးအေးမာ (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၆၀၃)၊ ဒေါ်အေးအေးမွန်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၈၈၅)တို့၏ (၉-၃-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ - ၂၆ တွင် ဖော်ပြပါရှိသည့် အများသိစေရန်ကြေညာချက်အပေါ်**

**Royal Sayarsan ( High Rise Building) Condominium အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများနှင့်ပတ်သက်၍ အမည်ပေါက်မြေရှင်ဘက်မှ ပြန်လည်ရှင်းလင်းခြင်းနှင့် အများသိစေရန်ကြေညာခြင်း**

Royal Sayarsan (High Rise Building) Condominium အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများနှင့် ပတ်သက်၍ မြေရှင်ဖြစ်သူမှ အစိုးရဌာနများ၊ ညွှန်ကြားချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ရသူဖြစ်သည့်အတွက် တိုက်ဆောက်လုပ်နေစဉ်အတွင်း ကိုဗစ်(Covid- 19)ကပ်ရောဂါများဖြစ်ပွားခြင်းနှင့် ၂၀၁၆/၂၀၁၇ ခုနှစ်များတွင် အထပ်မြင့်အဆောက်အဦများအတွက် အစိုးရဌာနမှ ညွှန်ကြားချက်များကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများကို ရပ်နားခဲ့ရသည်မှာ ယခုဝယ်ယူသည်ဟုအဆိုရှိသည့် လူပုဂ္ဂိုလ်(၁၈)ဦး အပါအဝင် မြန်မာနိုင်ငံရှိပြည်သူလူထုတိုင်း သိရှိထားပြီးသောအကြောင်းခြင်းရာများဖြစ်သည့်အတွက် (၉-၃-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြထားသည့် (၆)နှစ်ကျော်ကြာမြင့်သည့်အချိန်ထိ အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းချိန်းဆိုနေခဲ့ပါသည် ဆိုသော စွပ်စွဲဖော်ပြချက်များမှာ မှန်ကန်မှုမရှိပါ။

(၃၀-၅-၂၀၁၉)နေ့တွင် Royal Sayarsan (High Rise Building) Condominium ၏ တိုက်ခန်းများအားလုံး အချောသပ်ပြီးစီးခဲ့သော်လည်း ဝယ်ယူသူများသို့ တိုက်ခန်းများလက်ရောက်ပေးအပ်ခဲ့ခြင်းမရှိပါဟူသော စွပ်စွဲဖော်ပြချက်များသည်လည်း လူနေထိုင်ရန် အဆင်သင့်မဖြစ်သေးသည့် အခန်းများကို မြေရှင်တစ်ဦးအနေဖြင့် လက်လွှတ်စပယ်လက်ရောက်အပ်နှံ၍လုံးဝမဖြစ်နိုင်သည်ကို လူကြီးမင်း (၁၈)ဦးစလုံးအား ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းအသိပေးပြောကြားခဲ့ပြီးဖြစ်သည်ကို သိရှိပါလျက်နှင့် လက်ရောက်ပေးအပ်ရန် သတင်းစာတွင်ထည့်သွင်း ကြေညာ၍ တောင်းဆိုခြင်းသည် ကျွန်ုပ်မိတ်ဆွေ Royal Sayarsan ( High Rise Building) Condominium ၏ မြေရှင်ဖြစ်သူ ဦးဖုံရှောက်စု(ခ)ဦးစံဝင်းနှင့် ကုမ္ပဏီဖြစ်သည့် သန်းထိုက်လူကျော်မျက် ရတနာကုမ္ပဏီလီမိတက်၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးစေရန် ရည်ရွယ်လျက် အများပြည်သူထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိကြေညာခြင်းသာဖြစ်ပါသည်။

(၉-၃-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာပါ အကြောင်းခြင်းရာ အချက်အလက်များနှင့်ပတ်သက်၍ ယခုကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပယ်ဖျက်ကြောင်း သတင်းစာများတွင် ပြန်လည်ဖော်ပြကြေညာပေးရန်နှင့် အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်သည်။

၎င်းအပြင် ကြေညာစာပါ အပိုဒ်(၂)တွင်ပါရှိသည့် ဖော်ပြချက်သည် လူကြီးမင်း (၁၈)ဦးစလုံးတို့မှ ခွင့်ပြုချက်မရှိဘဲ အချက်အလက်များကို အရပ်ရပ်သိဖော်ပြကြေညာချက်နှင့်ပတ်သက်၍ အလုံးစုံတာဝန်ယူ တာဝန်ခံရမည်ဖြစ်ပါကြောင်းနှင့်နစ်နာမှု အစုစုအတွက် လူကြီးမင်းတို့တွင် အလုံးစုံတာဝန်ရှိပါကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**အမည်ပေါက်မြေရှင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ရီစလင်း**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၆၈၅)**

**တိုက်အမှတ်-၅၅၊ ဒုတိယထပ်၊ အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Ph-09-5093115**

# မင်္ဂလာညှော်ခံပွဲ ကျင်းပပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)
(ဥက္ကဋ္ဌ-မြန်မာနိုင်ငံစာရေးဆရာအသင်း)-ဒေါ်ခင်အေးမူတို့၏ သားထွေး၊ ဒေါက်တာ မြတ်သူရမောင်-
ဒေါက်တာမြတ်ဆုမွန်၊ ကိုကျော်ဇေယျ-ဒေါက်တာမြတ်သီရိမောင်တို့၏ ညီ/မောင်

## မောင်မြတ်သီဟမောင် B.A(English)

## နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်သန်းမောင်(ငြိမ်း)-ဒေါ်နှင်းနှင်းအေးတို့၏ သမီးကြီး၊
ဗိုလ်ကြီးမေစံပယ်ခိုင်(ရေတပ်လေ့ကျင့်ရေးဌာနချုပ်) B.A(English)၊
ဒုတိယမြို့နယ်တရားသူကြီး ဦးရန်အောင်ငြိမ်း LL.B,LL.M(2nd Year)တို့၏ အစ်မ

## မမေသဇင်သန်းမောင် B.A(English)

တို့၏ မင်္ဂလာညှော်ခံပွဲကို ၈-၃-၂၀၂၅ (စနေနေ့)တွင် ရန်ကုန်မြို့ Sky Star Hotel ၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

---

## ကျေးဇူးတင်လွှာ

မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်ချုပ် ဇေယျကျော်ထင် ထင်အောင်ကျော်(ငြိမ်း) နှင့်ဇနီး ဒေါ်အေးညွန့်ရွှေ၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံ့ချီ ဝေလွင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)(အမျိုးသားစာပေဆုရ စာရေးဆရာဝေလွင်မောင်)နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေဆွေဦး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ကိုအောင်ခေတ်ပိုင်၊ မင်္ဂလာအခါတော်ပေး သီဆိုချီးမြှင့်ပေးပါသော အဆိုတော် နှင်းရည်သန့်နှင့် တေးသံရှင် နှင်းနှင်းထူး၊ ဂီတမှူး စန္ဒရားဘသန်းတင် တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မလင်းလက်ရတနာတင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မသဲစုရတနာတင်၊ မင်္ဂလာအရံအဖြစ်ဆောင်ရွက်ပေးပါသော မောင်ဖြိုးဝဏ္ဏဇော်၊ မောင်သွေးသစ်ထက်၊ မနန်းအိအိလွင်နှင့် မခြူးနဒီသိန်း၊ မိတ်ကပ်ဆံပင် အလှဖန်တီးပေးပါသော Vivian Makey Taiwan နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာနှင့် အခမ်းအနား ပန်းအလှဆင်မြန်းပေးပါသော ကြယ်သဇင် Wedding Services၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Forever One Stop Wedding Service & Planning၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံဂီတ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်စာရေးဆရာအသင်းများ၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုရ စာပေပညာရှင်များ၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများနှင့်တကွ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မြတ်သီဟမောင်-မမေသဇင်သန်းမောင်**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်-၁၃၂၊ ဇီဇဝါလမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏတွင် နေထိုင်သော ကျွန်မ တင်တင်မိုး[၁၂/ပဇတ(နိုင်)၀၀၀၅၂၄] ၏ ဖခင် အမည်မှန်မှာ ဦးကြွက်(ခ) ဦးသန်းလွင် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၄+၂၆ (သုမင်္ဂလာအိမ်ရာ)၊ မြေကွက်အမှတ်-၂/F၊ မြေကွက်တည်နေရာအမှတ်(၆၆)၊ ဒေါ်နီလမ်း၊ စ/သုမင်္ဂလာရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဗိုလ်မှူးကြီးအေးဖေ (PME-၀၈၆၆၃၉)၊ ဒေါ်လှလှမြင့် (BGE-၁၇၉၃၃၅) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဗိုလ်မှူးကြီးအေးဖေ (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှလှမြင့်(ခ)ဒေါ်ဖြူဖြူ[၁၂/သဃက(နိုင်)၀၂၃၉၂၁]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ-၅၄၆/၂၀၂၄ (၁၈-၁၁-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပုသိမ်ညွန့်ရပ်ကွက်၊ကျားကွက်သစ်လမ်းမကြီး၊ အမှတ်(၄၄)ဟုခေါ်သည့် (၂)ခန်းတွဲ (၂)ထပ်တိုက်၏(အပေါ်ထပ်/ခေါင်းရင်းခန်း) SMILE အလှပြင်ဆိုင်တိုက်ခန်းနှင့်ပတ်သက်၍သတိပေးကြေညာခြင်း

အထက်ပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့်(၁၂/သကတ(နိုင်)၀၅၈၀၁၇)သည် လူပျိုဘဝက နိုင်ငံခြားသင်္ဘောသား(အရာရှိ)လစာများကိုစုဆောင်း၍ မိခင်ဖြစ်သူ ဒေါ်တင်အေး နှင့် အတူနေသားသမီးများ စိတ်ချမ်းသာစွာနေထိုင်နိုင်ရန် ဝယ်ယူခဲ့ပါသည်။တိုက်ခန်းအရောင်းအဝယ်စာချုပ်တွင် အစ်မများ(အပျိုကြီးများ)ဖြစ်သော ဒေါ်သိန်းသိန်းအေး နှင့် ဒေါ်ခင်ပြုံးကြည် တို့ပူးတွဲ(အမည်ငှါး)ဖြင့်ချုပ်ဆိုခဲ့ပါသည်။ ၎င်းနောက် မိခင်ဖြစ်သူ ဒေါ်တင်အေး နှင့် အစ်မဖြစ်သူ ဒေါ်သိန်းသိန်းအေး တို့အသီးသီး ကွယ်လွန်သွားခဲ့ပြီးနောက် အဆိုပါတိုက်ခန်းတွင် ဒေါ်ခင်ပြုံးကြည် တစ်ဦးတည်းသာလျှင် SMILE အလှပြင်ဆိုင်လုပ်ငန်းဖွင့်လှစ်၍ဆက်လက်နေထိုင်ခဲ့ပါသည်။ တိုက်ခန်းပိုင်ရှင် ဦးဝင်းမြင့် ကအစ်မဖြစ်သူ ဒေါ်ခင်ပြုံးကြည် အားမေတ္တာဖြင့် ဆက်လက်နေထိုင်ခွင့်ပြုထားခြင်းဖြစ်ပါသည်။ ယခုအခါ ဒေါ်ခင်ပြုံးကြည် သည်အဆိုပါတိုက်ခန်းကိုသော့ပိတ်ထားကြောင်း တွေ့ရှိရပြီး၊ တိုက်ခန်းပိုင်ရှင် ဦးဝင်းမြင့် ထံသို့လည်း တစ်စုံတစ်ရာဆက်သွယ်ခြင်းမရှိကြောင်းသိရှိရပါသည်။ သို့ဖြစ်ရာ အဆိုပါတိုက်ခန်းသည် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှါးရမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ကျူးကျော်နေထိုင်ခြင်း အစရှိသည်တို့ကို မပြုလုပ်/မဆောင်ရွက်ကြပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ကြမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ )

| | |
|---|---|
| **ဦးသန့်ဇင် (LL-B)** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2) ၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်သိန်း(ခ)ဦးရှုံဝမ်း( ၁၂/အလန(နိုင်) ၀၁၈၀၁၈၂)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာပါသည်-

Parisian®
CAKE & COFFEE
PARISIAN® CAKE & COFFEE

ကျွန်ုပ်တို့၏မိတ်ဆွေသည် အထက်ဖော်ပြပါ"***Parisian***"အမှတ်တံဆိပ်ကို ကိုယ်ပိုင်စိတ်ကူးဉာဏ်စွမ်းဖြင့်တီထွင်ကာ တစ်ဦးတည်းမူပိုင်အဖြစ်စဉ်ဆက်မပြတ်သုံးစွဲခဲ့ပါသည်။ အဆိုပါအမှတ်တံဆိပ်ကိုတစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၄/၅၂၈/၂၀၀၆)၊ စာချုပ်အမှတ်(၄/၃၈၇၉/၂၀၁၅)နှင့် စာချုပ်အမှတ်(၄/၈၃၂၂/၂၀၁၈)တို့အရတရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေသည် အဆိုပါအမှတ်တံဆိပ်ကိုထင်ရှားစွာအသုံးပြု၍(CAKE & COFFEE)အဆင့်မြင့်ဆိုင်ကြီးများကိုဖွင့်လှစ်ပြီး ကိတ်မုန့်၊ ပေါင်မုန့် နှင့် မုန့်အမျိုးမျိုး၊ ကော်ဖီ၊ JUICE၊ အအေးအမျိုးမျိုးတို့ကို ကိုယ်ပိုင်နည်းပညာများဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချရာ၌ အရသာနှင့်အရည်အသွေးကောင်းမွန်မှုကြောင့် ကောင်းသတင်းဖြင့်အောင်မြင်ကျော်ကြားလူကြိုက်များလျှက်ရှိပါသည်။ ၎င်းအပြင် အဆိုပါအမှတ်တံဆိပ်ဖြင့် အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းအမျိုးအစားသတ်မှတ်ချက် Int'l Class (29)(30)(32)(43)ပါကုန်ပစ္စည်းများထုတ်လုပ်ရောင်းချခြင်းနှင့်ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ မည်သူမဆိုအထက်ဖော်ပြပါ"***Parisian***"အမှတ်တံဆိပ်အား တစ်ခုလုံးကို ထပ်တူညီဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ မမှန်မကန်တုပသုံးစွဲခြင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ချိရောင်းချခြင်း၊ မပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ မှိုငြမ်းတုပသုံးစွဲခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်းသတိပေးတားမြစ်ကြေညာအပ်ပါသည်။
( လွှဲအပ်ညွှန်ကြားချက်များအရ )

| | |
|---|---|
| **ဦးသန့်ဇင်( LL-B )** | **ဒေါ်ဟန်နွေနိုင်(LL-B)** |
| အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄) |
| Ph-09 253995848 , 09 798420119 | Ph-09-4200 73685 |

အမှတ်( ၅၀ )၊ ပထမထပ်၊ အခန်း( D-2 ) ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂၀၈)ရှိ အခန်းအမှတ်(F)၊ မြေညီထပ်၊ (၁၂.၅x၆၀)ပေ တိုက်ခန်းကို အရပ်စာချုပ်အဆက်စပ်ဖြင့် ဦးလှမြင့်[၁၂/သဃက(နိုင်)၂၀၂၃၃၀]က ဝယ်ယူပိုင်ဆိုင်ထားရှိကြောင်း ဝန်ခံ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန်အဆိုပြုရာတွင် ကျွန်ုပ် ဦးသိန်းနိုင်[၁၂/ပဇတ(နိုင်)၀၄၀၂၆၁]မှ ဝယ်ယူရန် သဘောတူညီပါသဖြင့် ၆-၃-၂၀၂၅ ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းနိုင်[၁၂/ပဇတ(နိုင်)၀၄၀၂၆၁]**
**ဖုန်း-09-43073318, 09-976704048**

## မြေကွက်ရောင်းရန်ရှိသည်

**FMI City နှင့် အနီးတစ်ဝိုက်တွင်**
**မြေကွက်ကျယ်ရောင်းရန်ရှိသည်။**
**ဆက်သွယ်ရန်-09-765017882**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်-၁၅ C တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၂၀-F၊ မြေကွက်အမှတ်-၉၅ A/၁၊ အတိုင်းအတာ-၀.၂၁၈ဧကေ၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်၊ အမည်ပေါက်-ဦးထွန်းအေး (BV-၀၃၂၇၅၉) ဖြစ်ပါသည်။ အမည်ပေါက်-ဦးထွန်းအေးမှ (၁၄-၆-၂၀၁၃)ရက်နေ့နှင့် အမည်ပေါက်၏ ဇနီးဖြစ်သူ ဒေါ်စီစီသည် (၂၀-၇-၂၀၁၇) ရက်နေ့တွင်လည်းကောင်း၊ ၎င်းတို့နှစ်ဦး၏ သားတစ်ဦးဖြစ်သူ ဦးမောင်မောင်လွင်သည် (၉-၆-၂၀၀၉) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော (၁) ဒေါ်စန္ဒာမာတင် [၁၂/ဒဂန(နိုင်)၀၁၄၈၈၃]၊ (၂) ဒေါ်စန်းစန်းမော်[၁၂/ဒဂန(နိုင်)၀၁၅၉၆၉]၊ (၃) ဒေါ်နီလာမျိုး [၁၂/ကတတ(နိုင်)၀၂၅၅၁၉] (ကွယ်လွန်သူ ဦးမောင်မောင်လွင်၏ဇနီး)၊ (၄) ဦးကျော်ကျော်အောင် [၁၂/ဒဂန(နိုင်)၀၁၅၉၃၆]၊ (၅) ဦးသိန်းထွေး [၁၂/ဒဂန(နိုင်)၀၁၅၉၃၉]၊ (၆) ဦးသိန်းထွဋ် [၁၂/ဒဂန(နိုင်)၀၂၂၈၇၄]၊ (၇) ဒေါ်ယဉ်ယဉ်မော် [၁၂/ဒဂန(နိုင်)၀၀၀၀၁၈]တို့မှ အပိုင်ပေးစာချုပ်အမှတ်-၁၉၅/၁၉၈၄ (၃-၄-၁၉၈၄) အမှားပြင်စာချုပ်အမှတ်-၂၆၄၃/၁၉၉၃(၃၁-၁၂-၁၉၉၃)နှင့် ဦးထွန်းအေး အမည်ပေါက် ပြောင်းလဲခြင်းမှတ်တမ်း၊ သေစာရင်းများ၊ တရားဝင်သားသမီးများဖြစ်ကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဦးမောင်မောင်လွင်မှ ထိုင်းနိုင်ငံတွင် ခေတ္တနေထိုင်စဉ် (၉-၆-၂၀၁၉) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မှ သေစာရင်းများတင်ပြထားပြီး ထိုင်းသံရုံးမှ (၇-၂-၂၀၂၅) ရက်စွဲဖြင့် သေဆုံးကြောင်း ထောက်ခံစာတို့အား ပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ်- ၃၁၈/က၊ ဧရိယာ(၂၀ပေ x ၆၀ပေ) မြေကွက်တည်နေရာအမှတ်(၃၁၈/က)၊ မြို့မ(၁၁)လမ်းအလယ်၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကြည်[၁၂/သကတ(နိုင်)၀၁၇၈၆၄] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးကြည် [၁၂/သကတ(နိုင်)၀၁၇၈၆၄] (ဖခင်)နှင့် ဒေါ်သိန်းလှ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးခင်ရွှေ[၈/မကန(နိုင်)၀၂၀၁၈၅]၊ ဒေါ်ခင်ခင်ရှိန် [၁၂/သကတ(နိုင်)၀၁၈၂၀၆]၊ ဦးမြဟန် [၁၂/သကတ(နိုင်)၀၂၁၆၀၀]၊ ဒေါ်မိုးမိုးမြင့် [၁၂/သကတ(နိုင်) ၀၀၃၁၄၃]၊ ဦးအောင်ဇော်ထွေး [၁၂/သကတ(နိုင်)၁၃၈၁၈၇]တို့မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများအဖြစ် မိမိတို့မောင်နှမ(၅)ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မှ မရှိပါကြောင်း၊ အမွေစားအမွေခံ ကိတ္တိမ သားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ မိဘများကွယ်လွန်ကြပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ(၅)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံချက်ကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးကြည်(ဖခင်)နှင့် ဒေါ်သိန်းလှ(မိခင်)တို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇/အနော်ရထာ)၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀.၁၃၇)ဧကရှိ ဦးကျော်မိုးလွင်(ပါ) ၃ ဦးအမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက် အား ဦးကျော်မိုးလွင်(ပါ) ၃ ဦး (ဦးကျော်မိုးလွင်၊ ဒေါ်စောမိမိအောင်၊ ဒေါ်နန်းမိုးမိုးလှိုင်)၊ (ဘ)ဦးလှဆင့်[၉/တကန(နိုင်)၁၀၄၇၉၄]တို့မှ မြေငှားစာချုပ်သက်တမ်းတိုးပေးပါရန် နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်းများ တင်ပြပြီး လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုး လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(ဈ) ယခု(ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၇)၊ ဦးပိုင်အမှတ်-၆၃/၆၅x၆၆ကြား၊ ၁၄၁x ၁၄၂ကြားရှိ ဦးမွတ္တား(ခ) စိန်မွတ္တား အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်အိရတနာ ဖြိုးက တရားပြိုင် ဦးမွတ္တား (ခ) စိန်မွတ္တားအပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၁၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်အိရတနာဖြိုး [၁၃/နစန(နိုင်) ၀၃၇၃၅၂] က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄၃/၂)၊ တိုင်းတာမင်းကြီးလမ်း၊ မြေကွက်အမှတ်(၃၀၈)၊ အိမ်အမှတ်(၃၀၈)၊ မြေအကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ပေ)၊ မြေရီယာ (၂၄၀၀)စတုရန်းပေရှိ ဦးအောင်မင်းထွန်း [၁၂/တမန(နိုင်)၀၂၉၀၉၂]၊ ဒေါ်ဌေးဌေးမြင့် [၁၂/ဥကတ(နိုင်)၀၄၁၃၂၅] နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် မြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်းထွန်း (ဘ) စောလစ်ဟောင် (ခ) ဦးစိုးမြင့် [၁၂/တမန(နိုင်)၀၂၉၀၉၂]၊ ဒေါ်ဌေးဌေးမြင့် (ဘ) ဦးတင်မြင့် [၁၂/ဥကတ(နိုင်)၀၄၁၃၂၅]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြတ်သန္တာဇော် LL.B, D.IT**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၄၂)**
**အမှတ်(၁၂၀၂/ခ)၊ ဒေဝဒဟ(၃၃)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၅၀၄၁၂၂၊ ၀၉–၇၉၆၃၄၅၃၈၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿကလမ်း၊ တိုက်အမှတ် (၈) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်၊ ၄–လွှာ(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၉ ပေ x ၅၄ ပေ)ရှိ ရေ၊ မီး၊ အစုံအလင်ပါဝင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးလင်း [၁၂/သဃက (ဧည့်) ၀၀၀၁၅၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းအောင် [၁၀/မလမ(နိုင်)၂၃၄၇၃၈]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၄၂၂၉၆**

## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ကိုရီးယား–မြန်မာချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်း၏ ရေလယ်ပင်မတံတား သံမဏိဆိုင်းကြိုးများတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဧပြီလတွင် ဒလဘက်အခြမ်း၌ ဆိုင်းကြိုး ၁၃ နှင့် ရန်ကုန်ဘက်အခြမ်း၌ ဆိုင်းကြိုး ၁၂ တပ်ဆင်ပြီးစီးမည်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ၁၃၃ မီတာသာ ကျန်ရှိတော့မည်ဖြစ်ပါသည်။

၂။ သံမဏိဆိုင်းကြိုးတပ်ဆင်ခြင်းလုပ်ငန်း ဆိုင်းကြိုး ၁၂/၁၃ မှ ဆိုင်းကြိုး ၂၀ အထိလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တံတားအောက်မှဖြတ်သန်းခုတ်မောင်းရမည့် ရေယာဉ်ကြီးများ၏ ရေလမ်းကင်းလွတ်အမြင့်သည် ရေထရက်ရေအမြင့်ဆုံးအချိန် ရေပြင်မှ Form Traveller အောက်ခြေအထိ ၄၀.၈ မီတာရှိပြီး မြေပြင်တိုင်းတာတွေ့ရှိချက်များအရ ၄၃.၁၃ မီတာရှိသောကြောင့် ၂၀၂၅ ခုနှစ်၊ ဧပြီလမှစတင်ပြီး တံတားအောက်မှခုတ်မောင်းဖြတ်သန်းရမည့် ရေယာဉ်များ၏ Air Draft သည် ၄၁ မီတာအထိသာ ဖြတ်သန်းခုတ်မောင်းနိုင်မည်ဖြစ်ပြီး လိုအပ်ပါက Round Turn Anchorage (RTA) တွင် ကျောက်ချရပ်နားပြီး ရေစစ်ချိန်ထိစောင့်ဆိုင်းဖြတ်သန်းခြင်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ တံတားတိုင်ခြေများ၏ မြစ်ညာနှင့်မြစ်ခြေ ၂–ဖက်၊ ကမ်းနှစ်ဖက်လုံးတွင် Radar Reflector တပ်ဆင်ထားသော မီးအချက်ပြ Buoy များကို ရေဒါစနစ်ဖြင့် အလွယ်တကူဖမ်းယူရရှိနိုင်ပြီး ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းဝင်ရောက်နိုင်ရန်အတွက် အောက်ပါ Coordinate များအတိုင်း ချထား ပေးပြီးဖြစ်ပါသည် –

G 1 – 16 Deg, 46.28 Min (N)
096 Deg, 08.54 Min (E)
R 1 – 16 Deg, 46.115 Min (N)
096 Deg, 08.485 Min (E)
G 2 – 16 Deg, 46.27 Min (N)
096 Deg, 08.60 Min (E)
R 2 – 16 Deg, 46.10 Min (N)
096 Deg, 08.55 Min (E)
G 3 – 16 Deg, 46.235 Min (N)
096 Deg, 08.74 Min (E)
R 3 – 16 Deg, 46.07 Min (N)
096 Deg, 08.70 Min (E)
G 4 – 16 Deg, 46.232 Min (N)
096 Deg, 08.805 Min (E)
R 4 – 16 Deg, 46.06 Min (N)
096 Deg, 08.77 Min (E)

၄။ သို့ဖြစ်ပါ၍ ကိုရီးယား–မြန်မာချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်း၏ ရေလယ်ပင်မတံတား သံမဏိဆိုင်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ပင်မတံတားအောက်မှ ဖြတ်သန်းသွားလာမည့် ရေယာဉ်ကြီးများဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ရေကြောင်းသတိပေးချက် (Notice To Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

